# ကြေးမုံ

## The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 15 August 2024 ၁၁၅၅၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# ဒစ်ဂျစ်တယ်နည်းပညာစွမ်းပကား အနာဂတ်လူ့ဘောင်ဖော်ဆောင်

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့တွင် မြန်မာနိုင်ငံမှ လူငယ်လူရွယ်များ၏ လှုပ်ရှားဆောင်ရွက်မှုများကို ယခင်နှစ်များနှင့်မတူ တစ်မူထူးကဲအားတက်ဖွယ်မြင်တွေ့ခဲ့ရပါသည်။ လူငယ်လူရွယ်များက တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း၊ ကောင်းရာကောင်းကျိုးတို့ကို အားကြိုးမာန်တက်ဆောင်ရွက်နေကြသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်တည်ဆောက်ကြမည့် မျိုးဆက်သစ်များဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့တွင် "လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်" ဆိုသည့် မျှော်မှန်းချက်ဖြင့် လူငယ်ဖိုရမ်ကျင်းပလျက်ရှိသည့်အပြင် လူငယ်လှုပ်ရှားမှုများ၊ လူငယ်အားကစားပြိုင်ပွဲများ၊ ထူးချွန်လူငယ်မောင်မယ်များ ပြည်တွင်း/ပြည်ပ လေ့လာရေးခရီးစဉ်များ စသည့်လူငယ်အကျိုးပြုလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ကိုင်နေပါသည်။

လူငယ်များ မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များတိုးပွားလာပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားစုအဖြစ် ပါဝင်လာနိုင်စေရန်၊ မိမိနိုင်ငံနှင့်ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံသားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့်တာဝန်များကို ပိုမိုနားလည်လာစေရန်၊ မတူညီသည့်ဒေသအသီးသီးမှ လူငယ်များ တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက်ပေးနိုင်စေရန်၊ လူငယ်များ၏ တန်ဖိုးရှိသည့်စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များ တက်ကြွစွာပူးပေါင်းပါဝင်လာခြင်းအားဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ပေးနိုင်ရန် မျှော်မှန်းချက်ဖြင့် လူငယ်လှုပ်ရှားမှုများ ပြုလုပ်လျက်ရှိသည်။

ယခုနှစ်လူငယ်များနှင့်ပတ်သက်၍ ထူးခြားချက်မှာ ကုလသမဂ္ဂကချမှတ်ပေးခဲ့သည့် "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များရဲ့ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး" ဆောင်ပုဒ်အတိုင်း ဦးစားပေးဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်၍ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် မိမိတို့နိုင်ငံကို နိုင်ငံတကာနှင့်အမီလိုက်ပါနိုင်ရန် လေ့လာဆည်းပူးထားသော ဒစ်ဂျစ်တယ်နည်းပညာများဖြင့် လူထုအကြား မျှဝေအသိပေးဖော်ဆောင်နေကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ကျင်းပနေသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြရာ၌ မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုများကို တင်ပြနိုင်ခဲ့သည်။

မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်နယ်ပယ်စုံတွင် ထိရောက်စွာအသုံးချလျက်ရှိသည့် အဓိကသော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိသည်။ မြန်မာလူငယ်များအနေဖြင့် လာမည့်ဆယ်စုနှစ်များတွင် မိမိနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် ကိစ္စရပ်များအား ဖော်ထုတ်ရာတွင် အဓိကကျပြီး လူငယ်များ၏ နေ့စဉ်လူမှုဘဝဖြတ်သန်းမှုများတွင် ပုံစံအမျိုးမျိုးဖြင့် ကဏ္ဍမျိုးစုံတွင် ဆက်စပ်ပါဝင်လျက်ရှိသည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဉာဏ်ရည်တု AI နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ရာ ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များ၊ လုပ်ဆောင်နိုင်စွမ်းနယ်ပယ်များနှင့် စိန်ခေါ်မှုများကျော်လွှားနိုင်သည့်နည်းလမ်းများ၊ နည်းပညာတိုးတက်လာမှုနှင့်ပတ်သက်၍ ဆိုးကျိုးနှင့် ကောင်းကျိုးများ၊ အချက်အလက်များနှင့်ပတ်သက်သည့် လုံခြုံရေးဆိုင်ရာများ၊ လူငယ်များဘဝကို တိုးတက်ပြောင်းလဲစေနိုင်မည့် နည်းပညာစွမ်းအားများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မျက်မှောက်ခေတ်အခြေအနေတွင် နည်းပညာဆိုင်ရာ တိုးတက်ပြောင်းလဲမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဖြေရှင်းနိုင်ရေးအချက်များ၊ နိုင်ငံတော်၏အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များအတွက် နိုင်ငံသားကျင့်ဝတ်များ၊ ခေါင်းဆောင်မှုဆိုင်ရာအရည်အသွေးများနှင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်သည့် အလေ့အကျင့်ကောင်းများကို ဆောင်ရွက်သင့်သည်များ၊ လူငယ်များ မဖြစ်မနေတတ်ကျွမ်းသင့်သည့် အသိပညာ၊ အတတ်ပညာများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိလွယ်ရှလွယ်မှုကို ကာကွယ်တားဆီးနိုင်ရန် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအနေဖြင့် တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လူငယ်များစိတ်ဝင်စားသည့် ဒစ်ဂျစ်တယ်နည်းပညာများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွလှုပ်ရှား ဆောင်ရွက်မှုများသည် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အဓိကတွန်းအားတစ်ရပ်အဖြစ် စဉ်ဆက်မပြတ် ပြန့်ပွားနေမည်ဖြစ်ပါကြောင်း။ ။

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁%) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

## အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ်၊ အဝေးသင် သင်တန်းများ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၉-၂၀၂၄ ရက်နေ့အထိ သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်ကြရန် ရက်တိုးမြှင့် သတ်မှတ်လိုက်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၇၂၉ | ၆,၅၉၉,၂၀၀ |
| MTSH | ၃,၄၅၀ | ၃,၃၅၀ | ၈,၃၉၂ | ၂၈,၂၂၃,၇၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၁၂၆ | ၁,၀၇၁,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၀၀ | ၁၆၄ | ၃၀၃,၃၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၀၃ | ၅၆၈,၄၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၅၁၅ | ၈၇၆,၂၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၃၀၀ | ၁,၆၁၂ | ၅,၂၄၈,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

# မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိ

**တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi**

✰ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ တို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွ တည်ဆောက်ထားသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

**အခိုင်အမာထောက်ခံ**

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက် နေမှုများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် EAO အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံ အနေဖြင့် ဆန့်ကျင်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❖ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**



မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်ကြပြီး ရှည်လျားခိုင်မာသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိကာ လာမည့် ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့် စိန်ရတုနှစ်သို့ ရောက်ရှိမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံ၊ ယုံကြည်စိတ်ချရသောနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားမည့်အခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို စတင်သဘောတူဆောင်ရွက်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ တည်ငြိမ်အေးချမ်းရေးကို အလေးထားသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့်အညီ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင်ပါဝင်မှု အခန်းကဏ္ဍနှင့် အာဆီယံ၏ ပဋိညာဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေး ယခုနှစ်

> ❍ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိ**

> ❍ **မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိ**

အောက်တိုဘာလအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီအားလုံး လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဦးစွာဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံဘက်မှ ဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy )အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက် ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ လိုအပ်သည့် နည်းပညာ ကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သည့် ရွေးကောက်ပွဲ ဖြစ်စေရေး တိုက်တွန်းလိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် မြန်မာဘက်မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည် မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထား ဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံဘက်မှ ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ စသည့် ကဏ္ဍစုံတို့၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမှုကို ထောက်ခံလျက် ရှိကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သွားမည့် အခြေအနေ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးစဉ်။

ညပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား Horizon Lake View ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။






ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ တို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ မစ္စ မာကျားနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးတင်ယု ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၅

ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာ ကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ဘာရိန်းနိုင်ငံ မာနာမာမြို့ Al Sakhir နန်းတော်၌ ဘုရင်မင်းမြတ် ဟာမက် (ဒ်) ဘင် အစ်စာ အယ်လ်ခါလီဖာ ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**



## သင်္ဘောပေါ်တွင် ထိခိုက်မှု၊ သေဆုံးမှုတို့ကို လာရောက်တင်ပြဆွေးနွေးပါက ရပိုင်ခွင့်နှင့်ခံစားခွင့်များအား အချိန်တိုတိုအတွင်း ရရှိနိုင်မည်ဟု MSF ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁၄

သင်္ဘောပေါ်တွင် ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ အသက်သေဆုံးသည်ဖြစ်စေ လာရောက်တင်ပြဆွေးနွေးပါက ရပိုင်ခွင့်နှင့်ခံစားခွင့်များအား အချိန်တိုတိုအတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် (MSF)က ဖိတ်ခေါ်ထားသည်။



မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် (MSF)ရုံးသို့ သင်္ဘောသားမိသားစုဝင်များ လာရောက်ဆွေးနွေးနေစဉ်။

သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြန်မာသင်္ဘောသားတစ်ဦးအတွက် ပြည်ပတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်၊ မြန်မာပြည်သို့ ပြန်ရောက်ပြီး ဆေးကုသမှု ဆက်လက်ခံယူနိုင်ရန်၊ လစာရရှိရန်၊ ခွင့်လစာရရှိရန်၊ လျော်ကြေးရရှိရန် ကိစ္စရပ်များကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်(MSF)က ထုတ်ပြန်ထားသည်။

MSF ထံ ချက်ချင်းအကူအညီတောင်းခံလာသည့်အတွက် ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ လအနည်းငယ်အကြာ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ကိုင် ဆောင်ရွက်ပြီးသည့်အချိန်တွင် ဆေးကုသမှုစရိတ်များနှင့် လျော်ကြေးများကို P&I မှ သတ်မှတ်ချက်များအတိုင်း ရရှိခဲ့ကြောင်းလည်း သိရသည်။

ထို့ကြောင့် သင်္ဘောပေါ်တွင် ထိခိုက်ဒဏ်ရာ ရရှိသည်ဖြစ်စေ၊ အသက်သေဆုံးသည် ဖြစ်စေ သင်္ဘောသားနှင့် သင်္ဘောသားမိသားစုဝင်များအနေဖြင့် MSF အဖွဲ့ချုပ်သို့ လာရောက်တင်ပြဆွေးနွေးတိုင်ပင်ပါက နောက်ဆက်တွဲလုပ်ကိုင်ရမည့် ရပိုင်ခွင့်နှင့် ခံစားခွင့်များအား အချိန်တိုတိုအတွင်း ရရှိနိုင်မည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။

မလေးရှားနိုင်ငံ အခြေစိုက် သင်္ဘောကုမ္ပဏီပိုင် MV Tung Sung သင်္ဘောသည် မလေးရှားနိုင်ငံ Kuchin မြို့မှ Sarikei ဆိပ်ကမ်းသို့ မောင်းနှင်နေစဉ် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက် ဒေသစံတော်ချိန် ၁ နာရီခွဲ၌ Burung ကျွန်း၏ အနောက်မြောက်ဘက် ရေမိုင်လေးမိုင်အနီးတွင် ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘောနစ်မြုပ်သွားခဲ့သည်။ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း မလေးရှားနိုင်ငံ၌ အသက်ဆုံးရှုံးသွားခဲ့သည့် မြန်မာသင်္ဘောသား လေးဦးအနက်မှ တစ်ဦး၏ ရုပ်အလောင်းမှာ ယနေ့ထိ ရှာဖွေတွေ့ရှိခြင်းမရှိသည့် အတွက် ရုပ်အလောင်းပြန်လည်ရရှိသည့် သင်္ဘောသားသုံးဦး၏ အသက်အာမခံလျော်ကြေးငွေ ရရှိရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကူအညီတောင်းခံခဲ့သဖြင့် လျော်ကြေးရရှိရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အခြေစိုက် မြန်မာသံရုံးမှ လိုအပ်သည့် စာရွက်စာတမ်းများ ဖြည့်ဆည်းပေးသည့် အတွက် မကြာမီအချိန်အတွင်း သင်္ဘောသားသုံးဦး၏ အသက်အာမခံလျော်ကြေးရရှိမည်ဟု မျှော်လင့်ရကြောင်း ပြီးခဲ့သည့်ရက်ပိုင်းက MSFက အသိပေးထုတ်ပြန်ခဲ့သည်။

**MT**

## ဗဟန်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ဗဟန်းမြို့နယ်၌ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပသည်။

**အသိပညာပေး**

ဦးစွာ ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ဦးစီးမှူးက ကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည့်အခြေအနေများ၊ မြို့နယ်ဥပဒေရုံးမှ တာဝန်ရှိသူက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံနေရသော အလုပ်သမားများနှင့်ပတ်သက်သည့် ဥပဒေ/နည်းဥပဒေ/ ပြစ်မှုပြစ်ဒဏ်များ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူက အလုပ်ရှင်/အလုပ်သမားများနှင့်ပတ်သက်သည့် ဥပဒေ/နည်းဥပဒေ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသည့် ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ ဥပဒေ/နည်းဥပဒေ၊ အလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်သည့် ဥပဒေ/နည်းဥပဒေ/ပြစ်မှုပြစ်ဒဏ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စည်ပင်သာယာရေးဦးစီးဌာန တာဝန်ရှိသူက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်များအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေ/နည်းဥပဒေ လုပ်ထုံးလုပ်နည်းများ/ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း အသိပညာပေး ရှင်းလင်းပြောကြားကြသည်။

**အောင်မြင့်(ပြန်/ဆက်)**



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်စဉ်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စွမ်းအင် ဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့မှ ဝန်ထမ်း မိသားစုများနှင့် အလှူရှင်များ က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြု ပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလွင်၊ ပြည်ထောင်စု ရာထူးဝန်ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူ များ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ငွေကျပ်သိန်းသုံးရာ နှင့် ငွေကျပ်သိန်းနှစ်ရာတန်ဖိုး ရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဝန်ထမ်း မိသားစုများက ငွေကျပ်သိန်း ငါးဆယ်နှင့် ငွေကျပ်နှစ်ဆယ့် နှစ်သိန်းတန်ဖိုးရှိ စားသောက် ဖွယ်ရာများကို လည်းကောင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်းတစ်ရာနှင့် ငွေကျပ်သိန်း သုံးရာတန်ဖိုးရှိ စားသောက် ဖွယ်ရာများကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ငွေကျပ်လေးရာ့ ငါးသိန်းကျော်တန်ဖိုးရှိစားသောက် ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ ဝန်ထမ်း တက္ကသိုလ်များရှိ သင်တန်းသား သင်တန်းသူများက ငွေကျပ်ခြောက်ဆယ့်သုံးသိန်းနှင့် ငွေကျပ် သိန်းတစ်ရာ့တစ်ဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ကိုလည်းကောင်း၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) ကျောင်းဆင်းအရာရှိမိသားစု များက ငွေကျပ်တစ်ဆယ့် ခုနစ်သိန်းကို လည်းကောင်း လှူဒါန်းကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အလှူရှင် များက တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

**ဆက်လက်ပို့ဆောင်မည်**

အဆိုပါ စားသောက်ဖွယ်ရာ များအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ရှုပ်ရှုပ်ချွံချွံတာဝန် ထမ်းဆောင်လျက်ရှိသည့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် ဆက်လက်ပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေးသုတေသနဆိုင်ရာ မူဝါဒများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး သည် ယမန်နေ့နံနက်ပိုင်းက တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝ အရင်းအမြစ်များ ထိန်းသိမ်းရန် အတွက် မျိုးရင်းမျိုးစစ်များ ထိန်းသိမ်းခြင်း၊ မျိုးပွားခြင်းနှင့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မန္တလေး တိုင်းဒေသကြီး ပျော်ဘွယ် မြို့နယ်ရှိ မွေးမြူရေးသုတေသန စခန်း၏ လုပ်ငန်းဆောင်ရွက် နေမှုများကို ကြည့်ရှုစစ်ဆေး ခဲ့သည်။



အဆိုပါ သုတေသနစခန်း၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ယူရီးယား (Urea Molasses Multi- nutrient Block,UMMB) ကို စိုက်ပျိုးရေးဘေးထွက်ပစ္စည်း များအသုံးပြု၍ ဖော်မြူလာ အမျိုး မျိုးဖြင့် ဖော်စပ်ကျွေးမွေးခြင်းနှင့် သန်ချဆေး (Fenbendazole) ရောနှော ကျွေးမွေးခြင်းတို့၏ စားမြို့ပြန် သတ္တဝါများတွင် သန်ကောင်ရောဂါ နှိမ်နင်းနိုင်စွမ်း နှင့် ကြီးထွားနှုန်းတို့အပေါ် အကျိုး သက်ရောက်မှုများကို သုတေသနပြု ဆောင်ရွက်လျက် ရှိပြီး နေပီယာ၊ ရိုဇီ၊ မွန်ဘားဆား၊ မူလာတိမြက်မျိုးများ မူလမျိုးရင်း နှင့် စပ်မျိုးပင်ပွားမျိုးတို့၏ အထွက်နှုန်းနှင့် အာဟာရတန်ဖိုး များ၊ မြန်မာနိုင်ငံ၏ ဒေသနွား များဖြစ်ကြသည့် နွားရွှေနီနှင့် နွားပြာစိမ်းတို့၏ မျိုးဗီဇ လက္ခဏာ (genotypic)များကို နှိုင်းယှဉ် လေ့လာခြင်းတို့ကိုလည်း သုတေသနပြု ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် ဇေယျာသီရိမြို့နယ် ရေဆင်းတက္ကသိုလ်များ နယ်မြေ ရှိ မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်၏ စာသင်ဆောင်များ၊ ကျောင်းသား အိပ်ဆောင်များနှင့် ကျောင်းသူအိပ်ဆောင်များ၊ သရုပ် ပြမွေးမြူရေးခြံများ၊ ဒေသနွား၊ နို့စားနွား၊ တိုင်းရင်းကြက်၊ ဝက်နှင့် မြင်းများ မွေးမြူထားရှိမှု၊ ဇီဝကမ္မ ဗေဒ၊ ဇီဝဓာတုဗေဒဌာန သုတေ သနခြံနှင့် တိရစ္ဆာန်ကုဆေးရုံ တို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူ ရေးဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကား ပြောကြား ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ အသုံးချလူမှုနှင့် သဘာဝသိပ္ပံဆိုင်ရာသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၏ (၂၄)နှစ်ပြည့် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အသုံးချလူမှုနှင့် သဘာဝသိပ္ပံဆိုင်ရာ သုတေသနစာတမ်း ဖတ်ပွဲကို ယနေ့တွင် ရန်ကုန်တိုင်း ဒေသကြီး ထန်းတပင်မြို့နယ်ရှိ အဆိုပါ တက္ကသိုလ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာ စကားပြောကြားပြီး ရန်ကုန်အနောက် ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းဇော်ဦးက စာတမ်းဖတ်ပွဲ ကျင်းပ ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

**ပေးအပ်သွားမည်**

ဆက်လက်၍ စာတမ်းဖတ်ပွဲတွင် ဘာသာရပ်နယ်ပယ် ၁၆ ခုတို့မှ စာတမ်း စုစုပေါင်း ၇၉ ခု ဖတ်ကြားကြပြီး ဖတ်ကြားသည့် စာတမ်းများကို ပညာရှင် အဖွဲ့က စိစစ်အကဲဖြတ်ကာ ဝိဇ္ဇာ ဘာသာရပ်မှ အကောင်းဆုံးစာတမ်း ဆုတစ်ဆု၊ သိပ္ပံဘာသာရပ်မှ အကောင်း ဆုံး စာတမ်းဆုတစ်ဆုနှင့် ကျောင်းသား ကျောင်းသူများဖတ်ကြားသည့် စာတမ်း များမှ Young Scientist Award တစ်ဆုတို့ကို ပေးအပ်သွားမည်ဖြစ်သည်။ စာတမ်းဖတ်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ၆ ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ချေးငွေများထုတ်ချေးပြီးစီးမှုနှင့် ချေးငွေ ပြန်လည်ပေးဆပ်မှု၊ နယ်မြေဒေသအခြေအနေနှင့် မိုးခါမုန်တိုင်းတိုက်ခတ်မှုတို့ကြောင့် ချေးငွေ အရင်း/အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှတင်ပြသော နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံတို့အတွက် ချေးငွေစာချုပ်တန်ဖိုးသတ်မှတ်နိုင်ရေး၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ဆေးပေးနိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ အကြောင်းကြားထားမှုအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေ ထုတ်ချေးရေးစာချုပ်ချုပ်ဆိုဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်၊ နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ်မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုအခြေအနေနှင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းဆောင်ရွက်နေမှုအခြေအနေ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူနိုင်ရေးအတွက် လုပ်ငန်းသုံးရင်းနှီးငွေ ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ယခုအစည်းအဝေးတွင် မှတ်တမ်းတင်ရန်နှင့် အတည်ပြုဆုံးဖြတ်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက ဓာတ်မြေဩဇာရရှိမှု၊ ဆီစက်ချေးငွေနှင့် သွင်းအားစုများအတွက် ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေး၊ ချေးငွေစာချုပ်များ အချိန်မီချုပ်ဆိုနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ထူထောင်၍ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများ အထွက်တိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ချေးငွေများဆုံးရှုံးမှုမရှိစေရေး၊ ချေးငွေများ ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက မိမိတို့တာဝန်ယူရသည့်နယ်မြေတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများအား စနစ်တကျတာဝန်များပေးအပ်ပြီး ကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှ ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၃)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး (၂/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယှဉ်ပြိုင်မှုကော်မရှင်သည် ပြည်သူလူထုကို ဥပဒေလေးစားလိုက်နာရေး အသိပညာပေး စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်းဝင်ရောက်ရန် အတားအဆီးဖြစ်စေခြင်း၊ ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ပျက်ယွင်းစေခြင်းနှင့် အချို့သောယှဉ်ပြိုင်ဘက်များကို အလေးပေးခြင်းများကို ဖြစ်စေနိုင်ပြီး မျှတမှုမရှိသည့် ယှဉ်ပြိုင်မှုများကို ဖြစ်စေနိုင်သော အစီအမံများ၊ လုပ်ထုံးလုပ်နည်းများကို ယှဉ်ပြိုင်မှုဥပဒေ၊ ယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီ ဖြစ်စေရန် အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ အခြားသော ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်လည်း ဆန့်ကျင်မှုမဖြစ်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများ၊ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုများနှင့် ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ ကော်မရှင်တွဲဖက်အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌

## ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၂၅)ရပ်ကွက် အောင်သိဒ္ဓိဓမ္မာရုံ၌ ကျူးကျော်နေထိုင်သူများအား ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

### မြေပြင်စာရင်းကောက်ယူ

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်း၏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများက (၁၂၅)ရပ်ကွက်သို့ ကွင်းဆင်း၍ မြေပြင်စာရင်းကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ပြည်သူများ၊ အသက်(၁၀)နှစ်ပြည့်ပြီးသူနှင့် အသက် (၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ကျူးကျော်နေထိုင်သူများအား (M)တံဆိပ်အိမ်ထောင်စုထုတ်ပေးခြင်း၊ မြေပြင်ကွင်းဆင်းကောက်ယူထားသော ယာယီအိမ်ထောင်စုများအား ပြန်လည်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ**

## ဥပဒေဘာသာပြန်ကော်မရှင် အမိန့်အမှတ် ၃ / ၂၀၂၄ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေဘာသာပြန်ကော်မရှင်
အမိန့်အမှတ် ၃ /၂၀၂၄
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဖော်ပြပါဥပဒေများကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ မြန်မာဘာသာသို့ ပြန်ဆို၍ အတည်ပြုပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာလိုက်သည်-

(က) The Anand Marriage Act
(ခ) The Caste Disabilities Removal Act
(ဂ) The Hindu Disposition of Property Act
(ဃ) The Hindu Inheritance (Removal of Disabilities) Act
(င) The Hindu Law of Inheritance Amendment Act
(စ) The Hindu Gains of Learning Act
(ဆ) The Mussalman Wakf Act
(ဇ) The Mussalman Wakf Validating Act
(ဈ) The Kazis Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

## ဗဟိုဘဏ်၏အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ် ပေးသည့်အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းအား အထိုက်အလျောက်လျော့ကျစေရန်၊ ပြည်သူများအနေဖြင့် ဘဏ်အပ်နှံငွေပေါ်မှ အတိုးဝင်ငွေပိုမိုရရှိစေရန်၊ ဘဏ်များ၏ချေးငွေထုတ်ချေးနိုင်မှု ပိုမိုလာပြီး စီးပွားရေးတိုးတက်မှုအား အထောက်အကူပြုစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဗဟိုဘဏ်အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ဗဟိုဘဏ်အတိုးနှုန်းအား လက်ရှိ ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့် သတ်မှတ်သည်၊
(ခ) ဘဏ်များက အပ်ငွေများအပေါ်ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၇ ရာခိုင်နှုန်းနှင့် ချေးငွေများအားလုံးအတွက် ကောက်ခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၅ ရာခိုင်နှုန်း သတ်မှတ်သည်၊
(ဂ) ဘဏ်များအနေဖြင့် မိမိတို့၏အမြတ်ရနိုင်စွမ်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲနိုင်မှုအရ အပ်ငွေနှင့်ချေးငွေအတိုးနှုန်းများအား ၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း သတ်မှတ်ရန်ဖြစ်သည်။

၂။ နိုင်ငံတော်၏မူဝါဒအရ လက်ရှိထုတ်ချေးပေးလျက်ရှိသည့် အထူးချေးငွေများ၏ အတိုးနှုန်းများသည် ပြောင်းလဲမှုမရှိပါ။

၃။ ယခုအတိုးနှုန်းပြင်ဆင်ချက်သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
၁၄.၈.၂၀၂၄

# (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

၂၀၂၄ ခုနှစ်(၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

**စိတ်ကြိုက်လေ့လာကြည့်ရှု**

ယနေ့နံနက်ပိုင်းမှစ၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန်ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ထို့နောက် တင်ဒါအမှတ်(၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ အတွဲအမှတ် (၃၄၅)တွဲအထိနှင့် တင်ဒါအမှတ်(၄) ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) တွဲမှ ပုလဲအတွဲအမှတ် (၄၆၀)အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၃)နှင့် တင်ဒါအမှတ်(၄) တို့မှ ပုလဲအတွဲပေါင်း ၂၃၀ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၈၄ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲ စတုတ္ထနေ့တွင် တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁) မှ အတွဲအမှတ်(၅၈၀)အထိ ပုလဲအတွဲပေါင်း ၁၂၀ နှင့် တင်ဒါအမှတ် (၆)ဖြစ်သည့် ပုလဲအတွဲ အမှတ်(၅၈၁) မှ အတွဲအမှတ်(၇၀၀)အထိ ပုလဲအတွဲပေါင်း ၁၂၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲရောင်းချပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများနှင့် အတူ ပူးပေါင်း၍လည်းကောင်း၊ မြန်မာ့ပုလဲသီးသန့်ဖြင့်လည်းကောင်း အောင်မြင်စွာကျင်းပပေးခဲ့ရာ ယခုကျင်းပပြုလုပ်သည့် ၂၀၂၄ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

# တောင်ငူမြို့၌ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ




**တောင်ငူ ဩဂုတ် ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ကေတုရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး တောင်ငူမြို့နယ် သဘင်ဥက္ကဋ္ဌ ဒေါ်မြသိန်းက အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် (၂၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆို (အခြေခံ ၁၀-၁၅၊ အဆင့်မြင့်ပညာ၊ ဝါသနာရှင်ဒုတိယ၊ အခြေခံ ၁၅-၂၀) တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၂၁ ဦး၊ အက (အခြေခံ ၁၀-၁၅၊ အဆင့်မြင့်ပညာ၊ ဝါသနာရှင်ဒုတိယ၊ ကဗျာလွတ်)တွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၄၀၊ အတီး (အခြေခံ ၁၀-၁၅၊ အခြေခံ ၁၅-၂၀၊ ဝါသနာရှင်ပထမ၊ ဝါသနာရှင်ဒုတိယ၊ အဆင့်မြင့်ပညာ)တွင် ဆိုင်းဝိုင်းကြီး၊ တစ်ကိုယ်တော်ဆိုင်း၊ စန္ဒရား၊ ပတ္တလား၊ မယ်ဒလင်၊ တယော၊ ဒုံမင်း၊ အိုးစည်၊ ဒိုးပတ်တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ၄၁ ဦး စုစုပေါင်း ၁၀၂ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ်မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ရရှိမှသာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရန် အသိပေးကြေညာချက်

၁။ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဆ)ရှိ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် "အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ခြင်းမပြုစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဈ) တွင် "အလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ စုံစမ်းစစ်ဆေး၍ အဖွဲ့ငယ်၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ထွက်ခွာရန် မသင့်ကြောင်းတွေ့ရှိပါက ပိတ်ပင်ခြင်း" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပုဒ်မ ၉ ပုဒ်မခွဲ (က)တွင်"ပြည်ပအလုပ်အကိုင်ရှာဖွေသူသည် ဦးစီးဌာနကမှတ်ပုံတင်ရမည် ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင် အမျိုးအစားတစ်ခုခုကို ရှာဖွေခြင်းဖြစ်ပါက ပြည်ပ အလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) တွင် ဦးစီးဌာနသည် "အလုပ်သမားအားပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထားသက်သေခံလက်မှတ် ထုတ်ပေးရမည်" ဟု ပြဋ္ဌာန်း ထားပါသည်။

၄။ ပြည်ပနိုင်ငံများသို့အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နိုင်ရန်အတွက် လျှောက်ထားရမည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အလည် (Passport for Visit – PV)
(ခ) အလုပ် (Passport for Job – PJ)
(ဂ) ပညာသင် (Passport for Education – PE)
(ဃ) စီးပွားရေး (Passport for Business – PB)
(င) ဘာသာရေး (Passport for Religious – PR)
(စ) မှီခို (Passport for Dependent – PT)
(ဆ) သင်္ဘောသား (Passport for Seaman – PS)

၅။ ပြည်ပသို့အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်မည့်သူများသည် နိုင်ငံကူးလက်မှတ် အမျိုးအစားကို အလုပ်အကိုင်အတွက် ထုတ်ပေးသည့် (Passport for Job – PJ) အမျိုးအစား လျှောက်ထားရန်လိုအပ်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနတွင် မဖြစ်မနေ မှတ်ပုံတင်၍ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

၆။ ယခုအခါ ပြည်ပနိုင်ငံများသို့ အလည်ဗီဇာဖြင့် သွားရောက်လည်ပတ်နိုင်ရန်ထုတ်ပေးသည့် (Passport for Visit – PV) အမျိုးအစားကိုင်ဆောင်သူများသည် အလည်အတွက်မဟုတ်ဘဲ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူ၍ ပြည်ပသို့သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ပြည်ပတွင် အခက်အခဲပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲများကြုံတွေ့ရလျက်ရှိပါသည်။

၇။ သို့ပါ၍ နိုင်ငံကူးလက်မှတ် (Passport for Visit – PV) အမျိုးအစားကိုင်ဆောင်၍ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူပြီး ပြည်ပသို့ထွက်ခွာရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှ စိစစ်တားမြစ်ခြင်းများခံရပါက မလိုလားအပ်သည့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားရှိပါက နိုင်ငံကူးလက်မှတ် စတင်လျှောက်ထားရာတွင် (Passport for Job– PJ) အမျိုးအစားကို လျှောက်ထားရယူရန် အလုပ်သမားဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူကာ တရားဝင်သွားရောက်လုပ်ကိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နည်းပညာလွှဲပြောင်းမှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်




**နေပြည်တော် ဩဂုတ် ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နေသော လုပ်ငန်းရှင်များကို နည်းပညာလွှဲပြောင်းမှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ပြည်နယ်များမှ တာဝန်ရှိသူများနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးဦးလှမိုးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် နည်းပညာပံ့ပိုးပေးသည့် ဌာနဖြစ်ပြီး ပေးအပ်လိုက်သော နည်းပညာများသည် အဆင့်အတန်းမီသော နည်းပညာများဖြစ်မှသာ ကုန်ထုတ်လုပ်မှုများသည် ခေတ်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာများပေးအပ်နိုင်ရန် နိုင်ငံတကာသုတေသနပြုမှုများ၊ စံချိန်စံညွှန်းများနှင့် ဖြစ်ပေါ်တိုးတက်မှုများကို စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတကာအခြေအနေ၊ ဈေးကွက်အခြေအနေ၊ စားသုံးသူ၏လိုအပ်ချက်နှင့် ကိုက်ညီအောင် သုတေသနပြုဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်၊ နောင်လာနောက်သားများအတုယူနိုင်စေရန်နှင့် တွေ့ရှိလာသည့်သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းပညာလွှဲပြောင်းခြင်း၊ သုတေသနပြုစမ်းသပ်ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက နည်းပညာလွှဲပြောင်းမှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဌာနက ပံ့ပိုးပေးလိုက်သည့် နည်းပညာများဖြင့် ထုတ်လုပ်ထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ သုတေသနစာတမ်းများကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

## အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ ချီးကျူးဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဩဂုတ် ၁၄**

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ Veterans Confederation of ASEAN Countries (VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာလက်ခံရရှိသော ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် ဗိုလ်ချုပ်ဇာနည်ဝင်း(အငြိမ်းစား)တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဌာနချုပ်မှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ (VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာများ ပေးအပ်ခြင်းသည် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အဖွဲ့ဝင်သက်ဆိုင်ရာနိုင်ငံများမှ စစ်မှုထမ်းဟောင်းအဖွဲ့၏ အကျိုးအတွက် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သူများကို VECONAC ၏ (၂၃) ကြိမ်မြောက် အထွေထွေညီလာခံ ဆုံးဖြတ်ချက် (၂၃-၄) အရ ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြသခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) က အမှာစကားပြောကြားပြီး VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသူများကို ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ကာ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသူများကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကျပ်ရိုက်မှုအခြေအနေမျိုးမှ ရုန်းထွက်နိုင်ဖို့ ဆိုရာဝယ် .....

မောင်မောင်လင်း

ကျွန်တော်တို့ဟာ နေ့စဉ်ဘဝမှာ မကြာခဏ ဆုံးဖြတ်ချက်ချရလေ့ရှိပြီး ယေဘုယျအားဖြင့် ကိုယ့်အတွက် အကောင်းဆုံးဖြစ်မယ်ထင်တာမျိုး ကိုပဲ ဦးစားပေးပြီး ရွေးချယ်ဆုံးဖြတ်လေ့ရှိကြပါ တယ်။ အဲဒီဆုံးဖြတ်ချက်တွေထဲမှာ ကိုယ့်အတွက် သာမက အခြားသူတွေအတွက်ပါ အကျိုး သက်ရောက်မှုရှိနိုင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။

ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံရေးမှာ ကိုယ့်အကျိုးစီးပွားကိုသာ အဓိက ထားပြီး ဆုံးဖြတ်ချက်ချလိုက်တဲ့အခါ အကျိုးဆက် အနေနဲ့ ဘယ်လိုဖြစ်လာမလဲဆိုတာကိုပါ ထည့်သွင်း စဉ်းစားဖို့လိုအပ်တဲ့ ကိစ္စရပ်တွေအတွက် အကျဉ်းသား၏ အကျပ်ရိုက်မှုဆိုတဲ့ မိုဒယ်တစ်ခုနဲ့ ရှင်းပြလိုပါတယ်။

**မိုဒယ်ရဲ့ မူလအစ**

Prisoner’s Dilemma ဟာ သင်္ချာနဲ့ စိတ်ပညာ ဆိုင်ရာ စိတ်ဝင်စားဖွယ်ပုစ္ဆာတစ်ခု ဖြစ်ပါတယ်။ လူသားတွေရဲ့ ဆုံးဖြတ်ချက်ချမှု၊ ပူးပေါင်း ဆောင်ရွက်မှုနဲ့ ယုံကြည်ကိုးစားမှုအပေါ် လေ့လာ နိုင်ဖို့အတွက် အကောင်းဆုံးမိုဒယ်တွေထဲက တစ်ခု ဖြစ်ပါတယ်။ Merrill Flood နဲ့ Melvin Dresher တို့ဟာ ၁၉၅၀ ပြည့်နှစ်တုန်းက RAND Corporation မှာ အလုပ်လုပ်နေစဉ် ဒီဆင်ခြင်တွေးခေါ်မှုကို ပထမဦးဆုံး ဖော်ပြခဲ့ကြပါတယ်။

> **သင်္ချာဆိုင်ရာသီအိုရီကို အခြေခံပြီး စစ်ပွဲဆိုင်ရာအခြေအနေမှာ ဆုံးဖြတ်ချက်ချဖို့ လိုအပ်တဲ့ ပြဿနာတွေကို လေ့လာဖို့အတွက် ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။ သူတို့က ယှဉ်ပြိုင်မှုပတ်ဝန်းကျင်အတွင်း ဆုံးဖြတ်ချက်ချရတဲ့အခြေအနေမျိုးမှာ ပူးပေါင်းဆောင်ရွက်မှာလား၊ ဆန့်ကျင်ခြားနားမှာလား ဒီနှစ်ခုအကြားမှာရှိနေတဲ့ ရှုပ်ထွေးမှုကို ဒီစိတ်ကူးပုံဖော်မှုနဲ့ ဖော်ပြခဲ့ကြပါတယ်။ ဒါကိုပဲ နောက်ပိုင်းမှာတော့ Princeton တက္ကသိုလ်မှ သင်္ချာပညာရှင် Albert W. Tucker က ဖမ်းဆီးထားသော အကျဉ်းသားနှစ်ဦးရဲ့ အခြေအနေနဲ့ ပြင်ဆင်ပုံဖော်ခဲ့ပြီး “Prisoner’s Dilemma” လို့ အမည်ပေးခဲ့ပါတယ်**

သင်္ချာဆိုင်ရာသီအိုရီကို အခြေခံပြီး စစ်ပွဲ ဆိုင်ရာ အခြေအနေမှာ ဆုံးဖြတ်ချက်ချဖို့ လိုအပ်တဲ့ ပြဿနာတွေကို လေ့လာဖို့အတွက် ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ သူတို့က ယှဉ်ပြိုင်မှုပတ်ဝန်းကျင် အတွင်း ဆုံးဖြတ်ချက်ချရတဲ့အခြေအနေမျိုးမှာ ပူးပေါင်းဆောင်ရွက်မှာလား၊ ဆန့်ကျင်ခြားနား မှာလား ဒီနှစ်ခုအကြားမှာရှိနေတဲ့ ရှုပ်ထွေးမှုကို ဒီစိတ်ကူးပုံဖော်မှုနဲ့ ဖော်ပြခဲ့ကြပါတယ်။ ဒါကိုပဲ နောက်ပိုင်းမှာတော့ Princeton တက္ကသိုလ်မှ သင်္ချာပညာရှင် Albert W. Tucker က ဖမ်းဆီးထား သော အကျဉ်းသားနှစ်ဦးရဲ့ အခြေအနေနဲ့ ပြင်ဆင် ပုံဖော်ခဲ့ပြီး “Prisoner’s Dilemma” လို့ အမည် ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ Robert Axelrod၊ Elinor Ostrom နဲ့ အခြားသုတေသီတွေက ဒီမိုဒယ်နဲ့ပတ်သက်ပြီး ပိုမိုနက်ရှိုင်းစွာ လေ့လာ ဆန်းစစ်ခဲ့ကြပါတယ်။ ထို့နောက် နိုဘယ်ဆုရှင် သင်္ချာပညာရှင် John Nash က ဒီမိုဒယ်ကို နက်နဲစွာ လေ့လာဆန်းစစ်ပြီး Nash Equilibrium ဆိုတဲ့ နိယာမကို သတ်မှတ်ပေးခဲ့ပါတယ်။

အဲဒီလိုမျိုး သိပ္ပံပညာရှင်များစွာက ဒီမိုဒယ်ကို ပိုမိုရှုပ်ထွေးသော အခြေအနေတွေနဲ့ ကိုက်ညီစေဖို့ ဆက်လက်လေ့လာခဲ့ကြတဲ့အခါမှာ တစ်ဦး တစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ဟာ အခြားတစ်ယောက် ရဲ့ ဆုံးဖြတ်ချက်အပေါ် ဘယ်လိုအကျိုး သက်ရောက်မှုရှိတာလဲ၊ အချက်အလက်မပြည့်စုံတဲ့ အခြေအနေမျိုးမှာ ဆုံးဖြတ်ခဲ့ရင် ဘာတွေဖြစ်လာ မလဲဆိုတာနဲ့ တစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက် ဟာ ရေရှည်မှာ ဘယ်လိုအကျိုးသက်ရောက်မှုရှိစေ မလဲဆိုတာမျိုးတွေအထိ တိုးတက်ဖြစ်ပေါ်လာခဲ့ပါ တယ်။

အရေးပေါ် ချက်ချင်းဖြစ်ပေါ်လာတဲ့ ဖြစ်စဉ် ဖြစ်ရပ်တွေမှာ ဘယ်လိုဆုံးဖြတ်ချက်ချကြသလဲ ဆိုတာမျိုး၊ အဖွဲ့အစည်းတစ်ခုလုံးအတွက် အကောင်းဆုံး ဆုံးဖြတ်ချက်ကို ဘယ်လိုဆုံးဖြတ် ချက်ချရမလဲဆိုတာမျိုး၊ လူမှုဆက်ဆံရေးမှာ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ဘယ်လို အရေးပါလဲဆိုတာမျိုး စတာတွေကိုလည်း လေ့လာ သုတေသနပြုခဲ့ကြပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်မှုတွေကြောင့် Prisoner’s Dilemma ဟာ တစ်ဦးတည်းသော သင်္ချာပညာရှင် သို့မဟုတ် အဖွဲ့အစည်းတစ်ခုရဲ့ အောင်မြင်မှုမဟုတ်တော့ဘဲ ကစားနည်း ဂိမ်းသီအိုရီနယ်ပယ်မှာ လေ့လာသူ များစွာရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာ တဲ့ရလဒ်အဖြစ် ထွက်ပေါ်လာခဲ့ပါတယ်။

> **စီးပွားရေးနယ်ပယ်မှာဆိုရင်လည်း ကုမ္ပဏီနှစ်ခုအကြား ကုန်ပစ္စည်းဈေးနှုန်းကို လျှော့ချပြီး ဖောက်သည်ကို ဆွဲဆောင်ကြပါတယ်။ ဈေးနှုန်းမလျှော့ချခဲ့ရင် ဖောက်သည်တွေ အကုန်လုံးကိုဆုံးရှုံးနိုင်တာကြောင့် နှစ်ဖက်လုံးက ဈေးနှုန်းကို အပြိုင်အဆိုင် လျှော့ချလိုတဲ့ အခြေအနေဟာ Nash Equilibrium ဖြစ်ပါတယ်။ အရေးကြီးတာက Nash Equilibrium ဟာ လူတွေရဲ့ ဆုံးဖြတ်ချက်တွေကို ခန့်မှန်းဖို့ ကူညီပေးနိုင်တယ်ဆိုပေမယ့် လူတိုင်းက ကိုယ့်အတွက် အကောင်းဆုံးဆိုတာကိုပဲ ရွေးချယ်မယ်လို့တော့ မဆိုလိုပါဘူး။ လူတစ်ဦး တစ်ယောက်ချင်းစီတိုင်းမှာ မတူကွဲပြားတဲ့ စိတ်ခံစားချက်၊ ယုံကြည်မှုနဲ့ ဆင်ခြင်တွေးခေါ်မှုတွေ ရှိနိုင်လို့ဖြစ်ပါတယ်**

**ဂိမ်းသီအိုရီ၏ အခြေခံ**

ဒီမိုဒယ်က လူတစ်ဦးချင်းစီဟာ ကိုယ့်အကျိုး စီးပွားကို အများဆုံးရရှိစေဖို့ ကြိုးစားတဲ့အခြေအနေ မျိုးမှာ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်ရမလဲ ဆိုတာနဲ့စပ်လျဉ်းပြီး လေ့လာတဲ့ဂိမ်းသီအိုရီ (Game Theory) ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်အပေါ် စိတ်ချယုံကြည်နိုင်မှု ရှိမယ့်အချိန်ကို သတ်မှတ်ပေးတဲ့ ကစားနည်း သီအိုရီဆိုင်ရာ ဂန္ထဝင်မိုဒယ်တစ်ခုလည်း ဖြစ်ပါ တယ်။

ဒီမိုဒယ်က တစ်ဦးတစ်ယောက်ရဲ့ အကျိုး စီးပွားနဲ့ အများစုရဲ့အကျိုးစီးပွားအကြားမှာ ဘယ်လို အကျပ်အတည်းတွေ ဖြစ်ပေါ်လာတတ်လဲဆိုတာကို သက်သေပြသပေးမှာ ဖြစ်ပါတယ်။ ဒီမိုဒယ်ရဲ့ မူလ ပုံစံအရ အကျဉ်းသားနှစ်ဦးကို သီးခြားစီ ဖမ်းဆီး ထားပြီး စစ်ဆေးနေစဉ်အတွင်း သူတို့ကို အောက်ပါအတိုင်း ကမ်းလှမ်းလိုက်တဲ့အခါမျိုးမှာ သူတို့ ဘာကိုရွေးချယ်မလဲဆိုတာက စိတ်ဝင်စားစရာ ဖြစ်လာပါတယ် –

(က) တစ်ဦးက အပြစ်ကိုဝန်ခံပြီး အစိုးရ သက်သေလုပ်ခဲ့ပါက ပြစ်ဒဏ်လွတ်ကင်း မယ်။ နောက်တစ်ဦးကတော့ ထောင်ဒဏ် ၁၀ နှစ် ကျခံရမယ်။

(ခ) နှစ်ဦးလုံး နှုတ်ဆိတ်နေမယ်၊ ဒါပေမဲ့ အခြားသောသက်သေအထောက်အထား တွေအရ အပြစ်ကျူးလွန်တာကို ရှာဖွေ တွေ့ရှိခဲ့ရင် နှစ်ဦးလုံး ထောင်ဒဏ် နှစ်နှစ်စီ ကျခံရမယ်။

(ဂ) နှစ်ဦးလုံး အပြစ်ကို ဝန်ခံပါက နှစ်ဦးလုံး ထောင်ဒဏ် ၅ နှစ်စီ ကျခံရမယ်။

မိုဒယ်ရဲ့အခြေခံတွေအရ လူနှစ်ဦး၊ ဒါမှမဟုတ် အဖွဲ့/နိုင်ငံကဲ့သို့ ဘက်နှစ်ဘက်ကို သီးခြားထားရှိ ရမယ်။ နှစ်ဖက်လုံးအပြစ်ကို ဝန်ခံနိုင်တာ ဒါမှမဟုတ် နှုတ်ဆိတ်နေနိုင်တာမျိုး ရွေးချယ်စရာ နှစ်ခုရှိရမယ်။ ထွက်ပေါ်လာမယ့် အကျိုးဆက်တွေကတော့ နှစ်ယောက်လုံး အပြစ်ရှိကြောင်း ဝန်ခံခဲ့ရင် နှစ်ယောက်လုံး ထောင်ဒဏ်အနည်းငယ်ကျမယ်။ တစ်ယောက်က သစ္စာဖောက်ပြီး ကျန်တစ်ယောက် က နှုတ်ဆိတ်နေခဲ့ရင် ဝန်ခံတဲ့သူလွတ်မြောက်မယ်၊ နှုတ်ဆိတ်နေတဲ့သူ ထောင်ဒဏ်ကြီးကြီးကျမယ်။ နှစ်ယောက်လုံးသစ္စာရှိရှိနဲ့ နှုတ်ဆိတ်ခဲ့ရင် နှစ်ယောက်လုံး ထောင်ဒဏ်အနည်းငယ်ပဲကျမယ် (ဝန်ခံတာထက် ပိုမိုပေါ့ပါးတဲ့ပြစ်ဒဏ် ဖြစ်ပါတယ်)။

**အကျိုးဆက်များနှင့် ဆန်းစစ်ချက်များ**

ဒီအခြေအနေမျိုးဆိုရင် အောက်ပါအတိုင်း ဆန်းစစ်တွေ့ရှိနိုင်ပါတယ်–

(က) **တစ်ဦးချင်းစီ၏ အကျိုးစီးပွား**။ တစ်ဦး ဦးက ကိုယ့်အကျိုးစီးပွားကိုသာ ဦးစားပေး ရွေးချယ်မှုက ကျန်တစ်ဦးအတွက် အထိခိုက်ဆုံးရလဒ်ဖြစ်ပေါ်စေနိုင်ပါတယ်။

(ခ) **နှစ်ဦးလုံးအတွက် မသေချာမှု**။ နှစ်ဦးလုံး နှုတ်ဆိတ်နေခြင်းက နှစ်ဦးလုံးအတွက် အကောင်းဆုံးရလဒ်ဖြစ်ပေမယ့် တစ်ဦး နဲ့တစ်ဦးအပေါ် ယုံကြည်မှုပျက်ပြားမှု ကြောင့် နှစ်ဦးလုံးကိုယ်လွတ်ရုန်းပြီး အပြစ်ကို ဝန်ခံလိုက်ပါက ပိုမိုဆိုးရွားတဲ့ အခြေအနေကို ဦးတည်သွားနိုင်ပါတယ်။

(ဂ) **တစ်ဦးချင်းစီအတွက် အမြတ်ဆုံး ရွေးချယ်မှု**။ တစ်ပါးသူကို အပြစ်ပုံမချဘဲ ကိုယ်တိုင်အပြစ်ကို ဝန်ခံလိုက်ခြင်းပဲ ဖြစ်ပါတယ်။

**ဂိမ်းသီအိုရီနယ်ပယ်တွင် အရေးပါသော ပုံစံတစ်ခုအဖြစ် ဖြစ်ပေါ်လာခြင်း**

ဒီမိုဒယ်က စီးပွားရေး၊ နိုင်ငံရေး၊ လူမှုပတ်ဝန်း ကျင် အစရှိတဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ယှဉ်ပြိုင် မှုတို့အကြားရှိနေတဲ့ အချိတ်အဆက်ကို နားလည် နိုင်ဖို့အတွက် အထောက်အကူပြုပါတယ်။ ဥပမာ အားဖြင့် ပီဇာတစ်ခုရှိတယ်။ နှစ်ယောက်ဝေမျှရမယ်။ တစ်ယောက်က များများယူချင်သလို နောက် တစ်ယောက်ကလည်း ဝေစုများများလိုချင်မှာပဲဖြစ်ပါ တယ်။ နှစ်ယောက်လုံး ညီညီမျှမျှဝေမျှရင် ပိုကောင်း တယ်ဆိုတာသိပေမယ့် တစ်ယောက်ယောက်က သူဘယ်လိုများများရအောင် ဖန်တီးလို့ရမလဲဆိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ လူတစ်ဦးချင်းစီဟာ ကိုယ့်အကျိုးစီးပွားကို အများဆုံးရရှိဖို့ ကြိုးစားနေ တဲ့အခြေအနေမျိုးမှာ ဘယ်လိုဆုံးဖြတ်ကြလဲဆိုတာ ကို လေ့လာနိုင်တဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ လူမှု သိပ္ပံပညာရပ်ဆိုင်ရာ ဂိမ်းသီအိုရီတစ်ခု ဖြစ်လာပါတယ်။

ဒုတိယကမ္ဘာစစ်အပြီးမှာတော့ အဲဒီလိုမျိုး ဂိမ်းသီအိုရီနယ်ပယ်အပေါ် စိတ်ဝင်စားမှုတွေ တိုးပွား လာခဲ့ပြီး စီးပွားရေး၊ နိုင်ငံရေးနဲ့ စစ်ရေး စတဲ့ နယ်ပယ်တွေမှာ အသုံးချခဲ့ကြပါတယ်။ John von Neumann နဲ့ Oskar Morgenstern တို့က ဂိမ်းသီအိုရီကို သင်္ချာနည်းကျကျ လေ့လာခဲ့သလို သူတို့ရဲ့ “Theory of Games and Economic Behavior” စာအုပ်ဟာ အဲဒီနယ်ပယ်မှာ အရေးပါတဲ့ အချက်တစ်ချက် ဖြစ်လာခဲ့ပါတယ်။

ဂိမ်းသီအိုရီမှာ နာမည်ကျော်တဲ့ နိုဘယ်ဆုရ သင်္ချာပညာရှင် John Nash တီထွင်ခဲ့တဲ့ Nash Equilibrium ဟာ Prisoner’s Dilemma ကို လေ့လာ တဲ့အခါမှာ အလွန်အရေးပါပါတယ်။ Nash Equilibrium က ဘာကိုဆိုလိုတာလဲဆိုရင် ကစား သမားတွေ (ဒီမှာဆိုရင် အကျဉ်းသားနှစ်ယောက်) က ကိုယ့်အတွက် အကောင်းဆုံးဖြစ်မယ့် ဆုံးဖြတ် ချက်ကို ချမှာဖြစ်သလို အခြားသူကလည်း သူ့အတွက် အကောင်းဆုံးလို့ ယူဆတဲ့ဆုံးဖြတ်ချက်ကိုသာ ရွေးချယ်မယ်ဆိုတာပဲ ဖြစ်ပါတယ်။ ပြီးရင် ဘယ်သူမှ ကိုယ့်ရဲ့ဆုံးဖြတ်ချက်ကို ပြောင်းလဲချင်စိတ်မရှိတော့ တဲ့အခြေအနေကို ဖော်ပြနေပါတယ်။

အကျဉ်းသားနှစ်ယောက် ဥပမာအရဆိုရင် တော့ နှစ်ယောက်လုံး အစိုးရသက်သေလုပ်လိုတဲ့ အခြေအနေက Nash Equilibrium ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ သီးခြားစီစစ်ဆေး ခံနေရတာကြောင့် အချင်းချင်းဆက်သွယ်နိုင်မှာ မဟုတ်သလို တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုလည်း မရှိကြပါဘူး။ ဒီလိုအချိန်မျိုးမှာ အကျဉ်းသားနှစ်ဦး ဟာ ကိုယ်တိုင်အတွက် အကျိုးအမြတ်အများဆုံးရဖို့ သာ ကြိုးစားကြမှာ ဖြစ်ပါတယ်။

တစ်ယောက်က အစိုးရသက်သေလုပ်ခဲ့ပြီး ကိုယ်က နှုတ်ဆိတ်နေမိခဲ့ရင် နှုတ်ဆိတ်နေတဲ့သူက ထောင်ကြီးကြီးကျမှာဖြစ်တာကြောင့် သူလည်း အစိုးရသက်သေလုပ်ချင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် Nash Equilibrium အရ အခြားသူရဲ့ ဆုံးဖြတ်နိုင်မှု အပေါ် ခန့်မှန်းပြီး ကိုယ့်အတွက် အကျိုးရှိဆုံးဖြစ်စေ မယ့် ဆုံးဖြတ်ချက်ကို ရှာဖွေခြင်းပဲဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်မှာဆိုရင်လည်း ကုမ္ပဏီနှစ်ခု အကြား ကုန်ပစ္စည်းဈေးနှုန်းကိုလျှော့ချပြီး ဖောက်သည်ကို ဆွဲဆောင်ကြပါတယ်။

ဈေးနှုန်းမလျှော့ချခဲ့ရင် ဖောက်သည်တွေ အကုန်လုံးကို ဆုံးရှုံးနိုင်တာကြောင့် နှစ်ဖက်လုံးက ဈေးနှုန်းကို အပြိုင်အဆိုင်လျှော့ချလိုတဲ့ အခြေအနေ ဟာ Nash Equilibrium ဖြစ်ပါတယ်။ အရေးကြီးတာ က Nash Equilibrium ဟာ လူတွေရဲ့ ဆုံးဖြတ် ချက်တွေကို ခန့်မှန်းဖို့ ကူညီပေးနိုင်တယ်ဆိုပေမယ့် လူတိုင်းက ကိုယ့်အတွက် အကောင်းဆုံးဆိုတာကိုပဲ ရွေးချယ်မယ်လို့တော့ မဆိုလိုပါဘူး။ လူတစ်ဦး တစ်ယောက်ချင်းစီတိုင်းမှာ မတူကွဲပြားတဲ့ စိတ်ခံစားချက်၊ ယုံကြည်မှုနဲ့ ဆင်ခြင်တွေးခေါ်မှုတွေ ရှိနိုင်လို့ဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

# လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ အမှုဆောင်ကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများကြီးကြပ်ရေးကောင်စီ အမှုဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီ၊ အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ အထူးဧည့်သည်တော် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦးနှင့် အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်နှင့် အမှုဆောင်ကော်မတီအဖွဲ့ဝင်များက ပတ္တမြားခန်းမမှလည်းကောင်း၊ အမှုဆောင်ကော်မတီအဖွဲ့ဝင်နှစ်ဦးက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ စနစ်တကျထိရောက်စွာဆောင်ရွက်နိုင်စေရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုအစည်းအဝေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် ဥပဒေပုဒ်မများဆိုင်ရာ ဆွေးနွေးမှုများအပြင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ လိုက်နာရမည့်ကျင့်ဝတ်နှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးဆိုင်ရာ တည်မြဲစံပြုလုပ်ထုံးလုပ်နည်း ရေးဆွဲဆောင်ရွက်မှုကိစ္စရပ်များကိုလည်း ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ အမှုဆောင်ကော်မတီဝင်များအနေဖြင့် ယနေ့ဆွေးနွေးမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းလုပ်ငန်းစဉ်များကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်ဝပြီး ကျင့်ဝတ်သိက္ခာစောင့်ထိန်းသော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ပေါ်ထွက်လာရေးတို့အတွက် မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတများ၊ အပြုသဘောဆောင်သည့် အကြံပြုချက်များဖြင့် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာသူများက အစည်းအဝေးဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါ်နုမြဖံ တောင်ငူမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များ ကြည့်ရှုစစ်ဆေး

တောင်ငူ ဩဂုတ် ၁၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပဲခူးဌာနခွဲတာဝန်ခံတို့နှင့် အတူ ယမန်နေ့နံနက်ပိုင်းက ခရစ်နှစ် ၁၅၁၀ တွင် မင်းကြီးညို တည်ထောင်ခဲ့သော ကေတုမတီမြို့ဟောင်း စင်တံခါးအနီး ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သုတေသနပြုဖော်ထုတ်ထိန်းသိမ်းခဲ့သော မြို့ဝင်ပေါက်နှင့် မြို့ရိုးနေရာကို ကြည့်ရှုစစ်ဆေးပြီး မြို့ရိုး၏အစိတ်အပိုင်းများ၊ ပြအိုး၊ ပြကလေးများအား ပုံပေါ်အောင်ရှာဖွေလေ့လာဖော်ထုတ်ရန်နှင့် အရှေ့တောင်ထောင့် စေတီဖြစ်သော သာရမဏ္ဍူစေတီကို ဖော်ထုတ်ထိန်းသိမ်း ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ခရစ်နှစ် ၁၈၆၄ ခုနှစ်တွင် တည်ဆောက်ခဲ့သော မြို့လေးခံတပ်နှင့် ကေတုမတီမြို့ဟောင်း ကျုံးနှင့်မြို့ရိုးကို ကြည့်ရှုစစ်ဆေးပြီး အနောက်တောင်ထောင့်ရှိ မြသိန်းတန်စေတီနှင့် အနောက်မြောက်ထောင့်ရှိ မဏ္ဍူသာရစေတီများကို ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ၂၀၁၉ ခုနှစ်က ပြန်လည်ဖော်ထုတ် ထိန်းသိမ်းထားသော ကေတုမတီမြို့ဟောင်း ရေကျုံးကို ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသာယာလှပရေးနှင့် မြို့ရိုးကို ပြန်လည်ဖော်ထုတ်ဆောင်ရွက်ရေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ခရစ်နှစ် ၁၆၀၀ တွင် ဖြစ်ပွားခဲ့သောစစ်ပွဲတွင် တောင်ငူဘုရင် မင်းရဲသီဟသူနှင့် နတ်သျှင်နောင်တို့၏ ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်မှုကြောင့် ယိုးဒယားဘုရင် ဖရာ့နရေဆွန်(ဗြနရာဇ်)၏ တပ်များ ကျုံးအတွင်းမှ ရေများဖောက်ထုတ်သည့် တူးမြောင်းနေရာ (ယိုးဒယားပေါက်)ကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများကို "အနာဂတ်မှာကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

သတင်းစဉ်

## မုံရွာမြို့၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Estimate တွက်ချက်မှု သင်တန်းဖွင့်လှစ်

မုံရွာ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ Estimate တွက်ချက်မှု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထိုက်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာခင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းကို မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းနည်းပြနှစ်ဦးဖြင့် ခုနစ်ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)



# သထုံမြို့(မင်းတန်း) အခြေခံပညာမူလတန်းကျောင်း၌ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲများပြုလုပ်

သထုံ ဩဂုတ် ၁၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ယနေ့နံနက်ပိုင်းက သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ (မင်းတန်း) အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။



နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ရာတွင် (မင်းတန်း)အခြေခံပညာမူလတန်းကျောင်း တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြထွေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေလေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စာမေးပွဲဆိုင်ရာလုပ်ငန်းများကို စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား၍ စနစ်တကျ ဆောင်ရွက်ကြရမည်

**နေပြည်တော် ဩဂုတ် ၁၄**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ် စာမေးပွဲများ နီးကပ်လာပြီဖြစ်၍ စာမေးပွဲဆိုင်ရာ လုပ်ငန်းများကို စာမေးပွဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေးထား၍ တိကျစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနတစ်ခုချင်းစီနှင့် ဘာသာရပ်များအလိုက် ပညာရေးအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာ ဆရာမတစ်ဦးချင်း အရည်အသွေး ကောင်းမွန်စေရေး အမြဲမပြတ် ကြိုးစားကြရန်နှင့် ဘာသာရပ် တစ်ခုချင်းစီ၏ ပညာရေးအရည်အသွေး တိုးတက်မှသာ တက္ကသိုလ်တစ်ခုလုံး၏ အရည်အသွေး တိုးတက်လာမည်ဖြစ်ကြောင်း၊ ကျောင်းသား လူငယ်များကို အနာဂတ် သားကောင်းရတနာများ ဖြစ်လာစေရေး စိတ်ကောင်းရှိရန်၊ ပညာတတ်ရန်၊ ဂါရဝတရားရှိရန်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

**သတင်းစဉ်**





# လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

လူငယ်များ အချင်းချင်းအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အတွေ့အကြုံ ဗဟုသုတများ ဖလှယ်နိုင်စေရေး၊ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်စေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် သဟဇာတဖြစ်သော လူမှုအသိုက်အဝန်းကို တည်ထောင်နိုင်စေရေး ရည်ရွယ်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီမှ စီစဉ်ဆောင်ရွက်ပေးသည့် လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းများကို ယနေ့နံနက် ၇ နာရီတွင် စတင်ဆောင်ရွက်ကြသည်။

ဦးစွာ အဖွဲ့များခွဲ၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး လေ့လာရေးအဖွဲ့ဝင်များအား သိရှိလိုသည်များနှင့် ဘုရားသမိုင်းကြောင်းများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြောကြားကြသည်။

**ဆောင်ရွက်**

ထို့နောက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာနှင့် ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြပြီး အဘိုး အဘွားများအား ကျန်းမာရေးနှင့်သက်ဆိုင်သော အားပေးနှစ်သိမ့်စကားနှင့် ခွန်အားဖြစ်စေသော စကားများပြောကြားခြင်း၊ ခေါင်းဖြီးပေးခြင်း၊ ခြေသည်း/လက်သည်းများ ညှပ်ပေးခြင်း၊ ပန်းချီရေးဆွဲခြင်း၊ သီချင်းများသီဆိုခြင်းနှင့် ကလေးငယ်များနှင့်အတူ ကဗျာသီချင်းများ သီဆိုခြင်း၊ ဘောလုံးများဖြင့် ဆော့ကစားခြင်း၊ ပန်းချီဆေးရောင်စုံခြယ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် လူငယ်များ ဒေသန္တရဗဟုသုတများတိုးပွားစေရန် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြရာ လေ့လာရေးအဖွဲ့မှ လူငယ်များ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းပြသပေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များ ဝယ်ယူနိုင်ရန် ဥတ္တရသီရိ Ocean နှင့် Sinma Mall တို့သို့ ပို့ဆောင်ပေးသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ပြသထားသည့် အားကစားပြတိုက်၊ စိတ်ခွတ်မြှင့်တင်ရေးခန်းမ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့သည့် အားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုနှင့် ဆုရမှတ်တမ်းဓာတ်ပုံများ၊ ရွှေတံဆိပ်ဆုများစွာ ဆွတ်ခူးရယူပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြကာ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းကို ဆက်လက်လေ့လာကြသည်။

**ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်**

"လူငယ့်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ လူငယ်များအနေဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပါဝင်နိုင်စေရန်၊ မိမိနိုင်ငံနှင့် ယဉ်ကျေးမှုအပေါ် တန်ဖိုးထား ချစ်မြတ်နိုးစိတ်များတိုးပွားလာပြီး နိုင်ငံသားကောင်း တစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်များကို ပိုမိုနားလည်စေရန်၊ မတူညီသောဒေသများမှ လူငယ်များ တွေ့ဆုံဆွေးနွေးခွင့်ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက်ပေးနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီမှ ယခုကဲ့သို့ လူငယ်လေ့လာရေး အစီအစဉ်များနှင့် လူမှုအကျိုးပြုလုပ်ငန်း အစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါလေ့လာရေးခရီးစဉ်တွင် ပါဝင်သည့် လူငယ်များသည် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်များတွင် ကျင်းပခဲ့သည့် International Youth Day နှင့် Myanmar Youth Forum သို့ တက်ရောက်ခဲ့သည့် ထူးချွန်ဆုရလူငယ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြို့ အထက(ညောင်ကုန်း)၌ ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**မုဒုံ ဩဂုတ် ၁၄**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အထက(ညောင်ကုန်း)၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြို့နယ်သွားဆရာဝန် ဒေါက်တာလမင်းထက်နှင့် ကျန်းမာရေးဝန်ထမ်းများက အာဟာရဖွံ့ဖြိုးရေး ရောဂါကာကွယ်စေသော အစာအုပ်စုများ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ သွားကျန်းမာရေးအကြောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအေးက ကျောင်းကျန်းမာရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ပန်းချီပြိုင်ပွဲ၊ အမေးအဖြေ မေးခွန်းပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး အာဟာရ ကျွေးမွေးခြင်း၊ သွားကျန်းမာရေးနှင့် အခြားသော ကျန်းမာရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား စစ်ဆေးကုသပေး၍ လိုအပ်သည့် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်၌ ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်သို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ကျုံပျော်မြို့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သွေးထိုးသပ်လျှို၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျုံပျော်မြို့အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအပေါ် အကြောင်းမဲ့မတရားဖမ်းဆီးခြင်း၊ ခေါ်ဆောင်စစ်ဆေးခြင်းများမရှိကြောင်း သိရသည်။ **သတင်းစဉ်**




# မုံရွာမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် လောင်းလုံးမြို့နယ်အတွင်း တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသား

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထနောင်းတောတောင်ရွာ ဈေးတန်းကို တပ်မတော်က ဩဂုတ် ၁၃ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၁၁ ဦး သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ မုံရွာမြို့နယ်အတွင်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ Drop Bomb များ၊ ရှော့တိုက်ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့ပစ်ခတ်သည့် လက်နက်ကြီး ကျည်များသည် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ထိမှန်ခြင်းမရှိဘဲ လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရပြီး အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှ တစ်ဆင့် အထောက်အထားမဲ့ သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် ခင်ဦးမြို့နယ် အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အဘွားအိုတစ်ဦး သေဆုံးခဲ့သည်ဟုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၂ ရက်တွင် လောင်းလုံးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟုလည်းကောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့၌ ဒုတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်ပေါ်

တာချီလိတ် ဩဂုတ် ၁၄



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မိုးရွာသွန်းမှုကြောင့် မယ်ဆိုင်ချောင်းရေ မြင့်တက်လာခြင်းနှင့် တောင်ကျရေများစီးဆင်းမှုကြောင့် နမ့်ယွန်းချောင်းရေကြီးရေလျှံပြီး ဩဂုတ် ၁၃ ရက် ည ၇ နာရီခွဲခန့်မှစ၍ ဗိုလ်ချုပ်လမ်းမကြီး အပါအဝင် အနိမ့်ပိုင်း ရပ်ကွက်များတွင် ဒုတိယအကြိမ် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော ပုန်းထွန်၊ တာလေ့၊ မကာဟိုခမ်း၊ ဝမ်ကောင်း၊ ဆန်ဆိုင်း (က)၊ ဆန်ဆိုင်း (ခ) နှင့် မယ်ခေါင် ရပ်ကွက်ရှိ ဒေသခံပြည်သူများအတွက် အောင်မြတ်ခန်းမတွင် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်နယ်မှ ခေတ္တဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များက လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ထမင်းထုပ်၊ ရေသန့်ဘူးများနှင့် မုန့်ထုပ် လိုက်လံဝေငှ ဆောင်ရွက်ပေးလျက်ရှိသည်။

တာချီလိတ်မြို့တွင် ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှ ၄ ရက်နေ့ထိ ပထမအကြိမ် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ယခုဒုတိယအကြိမ် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ရာ လူနှင့်တိရစ္ဆာန် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၈-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ လူငယ်တက္ကမြင့်တင်လို့ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဖန်တီးစို့
- ၀၉:၁၅ NRC အစီအစဉ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၄၀ NEXT LEVEL
- ၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး'** (အပိုင်း-၂၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်ကမ္ဘာထဲက ငွေရည်စိမ်မှတ်တမ်း'** (အပိုင်း-၅)
- ၁၆:၅၀ ဝါးမှသည်...ငွေ
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၇:၄၅ လွတ်လပ်ပြီးတရားမျှတတဲ့ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ဖို့ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ ဘယ်သူမှန်လဲအပြိုင်ကြဲ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကစားကွက်'** (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်ကမ္ဘာထဲက ငွေရည်စိမ်မှတ်တမ်း'** (အပိုင်း-၆)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **'အံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၁၁)

### mitv

- 07:02 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:06 Ananda Temple
- 07:45 Ecotourism: Tour to explore
- 08:01 News
- 08:26 People's Military Service Law 6
- 08:32 Healthy Diet: Keto Diet
- 08:41 Taung Byone Nat Festival (Ep-4)
- 09:01 Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
- 09:07 BE. FALLS PARK
- 09:20 Robe Business in Ta Ma Ta Kaw
- 09:34 Artist Life: Designer May Myat Waso
- 09:56 Mingala Prayer (Version-1)
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ရှင်သန်ကြီးစားမျှော်လင့်ခြင်းများ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားတိုင်းရင်းသားတို့ရိုးရာဓလေ့ဆိုရိုးစကားများ (အပိုင်း-၂)

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
အသက်အရွယ်ရလာသူများရေပိုသောက်သင့်သော အကြောင်းအရင်းများ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၃)

**ချင်း (လိုင်းဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း (ဒိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ပြောင်းဖူးဆေးဖက်ထုပ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရာမညမြေမှအလှတရားများ (အပိုင်း-၂)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ပြူးပဒေသာ(မှတ်ရာလ်လား စိန်မေ)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
အမျိုးသမီးများနေ့စဉ်စားသုံးပေးသင့်သော အစားအစာ(၄)မျိုး နှင့်ရင်သားကင်ဆာကို ကာကွယ်ပေးနိုင်သောအသီးအနှံ(၇)မျိုး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒဌာန၏သုတေသနဆောင်ရွက်ချက်များ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အာဟာရ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၃)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ နေကြာစိုက်ပါ ပျားမွေးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၇:၁၅ 'စိုက်ပျိုးမွေးမြူသုတဘက်' မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍ
- ၁၈:၀၀ Barbie (ဇာတ်လမ်း)
- ၂၂:၀၀ Planet 1

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Football Highlight
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၄/၂၀၂၄)ကြိမ်မြောက် အစည်းအဝေး ကျင်းပ

ပုသိမ် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၄/၂၀၂၄)ကြိမ်မြောက်အစည်းအဝေးကိုတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ယနေ့ နံနက်ပိုင်းကပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများနှင့် ပတ်သက်၍ လာရောက် ရင်းနှီးမြှုပ်နှံမှုများပါကြောင်း၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုခွင့်ပြုပေးထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းတိုးတက်မှုများအား ကြပ်မတ်စစ်ဆေးရန်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များအား ဖိတ်ခေါ်သွားရန်လိုပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ လုပ်ငန်းတိုးချဲ့ခြင်း၊ သက်တမ်းတိုးခြင်း ကိစ္စရပ်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေး ဆွေးနွေးပေးကြရန် အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူးနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြင့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ကြိတ်ခွဲသန့်စင် ထုတ်လုပ် တင်ပို့ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းကိစ္စ၊ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်တင်ပို့ရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းကိစ္စ၊ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရှယ်ယာပိုင်ဆိုင်မှု အချိုးပြောင်းလဲ ပြင်ဆင်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ၊ ရာခိုင်နှုန်း ပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား ပြောင်းလဲပြင်ဆင်ခွင့်ပြုပါရန် တင်ပြခြင်းကိစ္စ၊ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား မတည်ငွေရင်းပမာဏတိုးမြှင့်ခွင့်ပြုပါရန် တင်ပြခြင်း ကိစ္စများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ SHIN ANSAN UNIVERSITY တို့ ပညာရပ်ဆိုင်ရာနှင့် ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဒဂုံတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ SHIN ANSAN UNIVERSITY တို့ ပညာရပ်ဆိုင်ရာနှင့် ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ယနေ့ညနေ ၄ နာရီက ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ခဲ့သည်။




ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းသန်းက တက္ကသိုလ်နှစ်ခုကြား ပညာရပ်ဆိုင်ရာနှင့် ပညာရေးဆိုင်ရာ ဖလှယ်ရေး ပြုလုပ်နိုင်ရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းကြောင့် ကျောင်းသား ကျောင်းသူ ဖလှယ်ရေး၊ ဆရာ ဆရာမနှင့် ဝန်ထမ်း ဖလှယ်ရေး၊ သုတေသနများပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး တက္ကသိုလ်နှင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ SHIN ANSAN UNIVERSITY မှ President Dr.Ji Ui Sang က တက္ကသိုလ်ဆိုင်ရာ အကြောင်းအရာများနှင့် နှစ်နိုင်ငံပညာရေး ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နှစ်ဖက်တက္ကသိုလ်အကြား ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာကို ပါမောက္ခချုပ်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဓွဲမင်းထက်(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

မိုင်းဆတ် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(မိုင်းဆတ်)၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ နယ်မြေခံတပ်နယ်မှ ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးဝင်းကျော်သန့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်၊ အထက(မိုင်းဆတ်)မှ ကျောင်းအုပ်ဆရာကြီး ဦးသောင်းအေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ယာယီနည်းဗျူဟာမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနိုင်လင်းထွန်း၊ မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်တို့က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က စာစီစာကုံးပြိုင်ပွဲ၊ လူငယ်စကားဝိုင်း၊ စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

**မြင့်မောင်(မိုင်းဆတ်)**



# မွန်ပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

သထုံ ဩဂုတ် ၁၄

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ပြည်နယ်အစိုးရအဖွဲ့၏စီမံမှုဖြင့် ယနေ့ နံနက်ပိုင်းက ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များကို သတ်မှတ်ထားသည့်သက်သာသောဈေးနှုန်းတို့ဖြင့် မြို့နယ်အဆင့် အခြေခံစားသောက်ကုန် ပစ္စည်းများ ကုန်ဈေးနှုန်း တည်ငြိမ်ရေး ကော်မတီမှ တာဝန်ရှိသူတို့က ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ရောင်းချပေးရာတွင် ပေါ်ဆန်းမွှေးဆန် တစ်ပြည် ငွေကျပ် ၅၅၀၀၊ ဧည့်မထဆန် တစ်ပြည် ငွေကျပ် ၃၀၀၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၄၀၀ နှင့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက် စသည့် အခြေခံစားသောက်ကုန်အမျိုးမျိုးတို့ကို သတ်မှတ်ထားသည့် သက်သာသော ဈေးနှုန်းတို့ဖြင့် စနစ်တကျ ရောင်းချပေးရာ ကွန်ပျူတာတက္ကသိုလ်(သထုံ)ပါမောက္ခချုပ် ဒေါက်တာ နီလာသိန်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက အေးချမ်း ပျော်ရွှင်စွာဖြင့် လာရောက်ဝယ်ယူခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

❖

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများအတွင်း မိုးစပါးပြန်လည်စိုက်ပျိုးနေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပဲခူး ဩဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့မွန်းလွဲပိုင်းက ပဲခူးခရိုင်အတွင်း ကြိုတင်ပျိုးထောင်ထားသည့် အရန်ပျိုးခင်းများမှ ပျိုးပင်များဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများအတွင်း မိုးစပါးပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

## ကွင်းဆင်းကြည့်ရှု

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သနပ်ပင်မြို့နယ် ဖရဲကွင်း၌ ရေကြီးနစ်မြုပ်ခဲ့သည့် လယ်မြေများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် သက်တမ်းတူ၊ မျိုးတူ စပါးပျိုးပင်များ ကောက်စိုက်လုံမေများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဖရဲကျေးရွာ ကုန်ထုတ်လမ်းတစ်လျှောက် အရိပ်ရသီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုပြီး ကြီးထွားရှင်သန်နိုင်ရေး ပြုစုထိန်းသိမ်းရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် မြို့ရှောင်လမ်း၌ သဘာဝနည်းဖြင့် ဘဲသားဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော “လရောင်ခြယ်”ဝမ်းဘဲလေး ခါတ်ဖောက်ဆိုင်သို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတွင်း အသားနှင့်ဥစားသုံးမှု ဖူလုံပိုလျှံစေရေး၊ သက်သာသောနှုန်းထားဖြင့် ရောင်းချနိုင်ရေး ဘဲမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။ အဆိုပါ ဘဲသားပေါက်မွေးမြူရေးလုပ်ငန်းမှ လစဉ်ဘဲသားပေါက်ကောင်ရေ ၁၅၀၀၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးသို့ အဓိကတင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာအုပ်စု ဖဲဖောင်တော်ကွင်း၌ ကြိုတင်ပျိုးထောင်ထားသည့် အရန်ပျိုးခင်းမှ သားတက်ပွားဖြင့် မိုးစပါးပြန်လည်စိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူနှင့်တွေ့ဆုံ၍ ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လယ်မြေများအတွက် ပျိုးပင်များ၊ မျိုးစပါးများ လုံလောက်စွာ ကြိုတင်စုဆောင်းထားပြီးဖြစ်၍ တောင်သူများအနေဖြင့် မိမိတို့၏လယ်မြေဧရိယာ အပြည့်အဝစိုက်ပျိုးသွားရန်နှင့် လိုအပ်သည့် ပျိုးပင်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# “Beautiful ASEAN” MRTV ORCHESTRA တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၁၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက် သောကြာနေ့ ည ၉ နာရီတွင် (၅၇)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် “Beautiful ASEAN” MRTV ORCHESTRA တင်ဆက်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

## သီဆိုဖျော်ဖြေတင်ဆက်မည်

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သံစုံတီးဝိုင်း MRTV ORCHESTRA ၏ တင်ဆက်မှုနှင့်အတူ တေးသံရှင် စောဒယ်နီရယ်၊ မင်းမြတ်သော်၊ လင်းဘုန်းကျော်၊ စိမ့်နေခြည်၊ နန်းစန္ဒီ၊ မြနန္ဒာ၊ ဖူးကေရီဆောင်း၊ လဝန်းမေ၊ ခတ္တာနှင့် ချစ်စုစံတို့က အာဆီယံနိုင်ငံများမှ ထင်ရှားကျော်ကြားသည့် တေးသီချင်းများကို ယင်းဘာသာစကားများအလိုက် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

## ဝင်ရောက်ကြည့်ရှုနိုင်

ယင်းအစီအစဉ်ကို MRTV App ၏ Entertain–ment Sector နှင့် MRTV Telegram တို့တွင်လည်း Live Streaming လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ကျောဖုံးမှ**

ထို့ပြင် ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေအရ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်နိုင်မည်ဆိုသည့် စိုးရိမ်ကြောင့်ကြမှု ဖြစ်ရန်မလိုကြောင်းနှင့် စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိနိုင်ကြောင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက်ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူခြင်းတို့ မပြုလုပ်ကြပါရန်၊ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန်နှင့် အရောင်းဆိုင်အချို့တွင်သာ စုပြုံတန်းစီဝယ်ယူနေခြင်းအစား တန်းစီဝယ်ယူမှုနည်းပါးသည့် ပတ်ဝန်းကျင်ရှိ အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ တိုက်တွန်းနှိုးဆော်ထားပါကြောင်းနှင့် အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် မရောင်းချခြင်းမျိုး မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**❂ မန်ယူအသင်းမှ**

ကစားသမားရဲ့ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး ပေါင် ၄ ဒသမ ၃ သန်း ပေးဖို့လည်းရှိနေတာဖြစ်ပါတယ်။ ဒီလစ်ဟာ နည်းပြအဲရစ်တန်ဟက် အေဂျက်အသင်းကို ကိုင်တွယ်စဉ်က ၂၀၁၉ ခုနှစ်အတွင်းမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိရေး စွမ်းဆောင်ပေးခဲ့သူ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ကစားသမားနှစ်ဦးဖြစ်တဲ့ ဒီလစ်နဲ့ မက်ဇူရီတို့ကို ခေါ်ယူခဲ့ပြီး အသင်းရဲ့ နောက်ခံကစားသမား ဘစ်ဆာကာကို ဝက်စ်ဟမ်းအသင်းသို့ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ ရောင်းချခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၀၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သရက်မြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပ

သရက် ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် (၂၀၂၄ခုနှစ် ဩဂုတ်လ) လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်ဖြူဖြူက အာဟာရဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

## ဆုများချီးမြှင့်ပေး

ယင်းနောက် ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဆေးနှင့်အာဟာရပစ္စည်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် အစာအုပ်စု သုံးအုပ်စုပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မြို့သစ်မြို့နယ်၌ မိုးနှမ်းသီးနှံများ စတင်ရိတ်သိမ်း

**မကွေး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီးသည် နှမ်းနှင့် ပဲမျိုးစုံကို အဓိကထား စိုက်ပျိုးကြပြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်းရှိရုံးတော၊ ဝါးကြီးအိုင့်၊ ကွင်း၊ ဖန်ခါးပင်နှင့် ငွေလေး စသည့်ကျေးရွာများတွင် မိုးနှမ်းသီးနှံ စုစုပေါင်းစိုက်ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးနှမ်းကို မိုးဦးကျကာလဖြစ်သည့် မေလဆန်းတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လဆန်းမှ စတင်၍ ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းနက်(စမုန်)၊ နှမ်းဖြူ(ဂျပန်)၊ နှမ်းဖြူ(ခြံ)နှင့် နှမ်းနီမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၇၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဩဂုတ် ပထမပတ်တွင် နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀-၁၅၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းဖြူ(ခြံ) တစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀-၁၄၁၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၃၀၀၀-၁၃၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၈၅၀၀၀ - ၁၉၀၀၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

**အကျိုးအမြတ်ရရှိ**

အကျိုးအမြတ် အနေဖြင့် တစ်ဧကလျှင် နှမ်းနက်(စမုန်) မျိုးအတွက် ငွေကျပ် ၁၄၇၀၀၀၀၊ နှမ်းဖြူ(ဂျပန်)မျိုးအတွက် ငွေကျပ် ၉၃၀၀၀၀၊ နှမ်းဖြူ(ခြံ)မျိုးအတွက် ငွေကျပ် ၉၀၆၀၀၀၊ နှမ်းနီမျိုးအတွက် ငွေကျပ် ၈၄၆၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့၊ နတ်မောက်မြို့၊ မြို့သစ်မြို့နှင့် တောင်တွင်းကြီးမြို့များရှိ ပွဲရုံများနှင့် နှမ်းလှော်ဖို လုပ်ငန်းများသို့ ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ လည်းကောင်း၊ မကွေးမြို့ မဟူရာ Energy ကုမ္ပဏီမှ Value added ပြုလုပ်ထားသော မြန်မာ့နှမ်းလှော် မုန့်များကို ကိုရီးယားနိုင်ငံသို့ လည်းကောင်း တင်ပို့ရောင်းချလျက် ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် နှမ်းအထွက်နှုန်း အနည်းငယ် လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ် ရရှိကြောင်း သိရသည်။



# ကန့်ဘလူခရိုင်၌ ကွမ်းဈေးနှုန်း အနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်

**ကန့်ဘလူ ဩဂုတ် ၁၄**

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး ကွမ်းများကို မိမိတို့ယာကွက်များနှင့် နေအိမ်ခြံဝင်းများ၌ တစ်နိုင်တစ်ပိုင်အနေဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။



ကန့်ဘလူမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးပေါ်မူတည်၍ ဩဂုတ်လ ဒုတိယပတ်တွင် ကွမ်းရွက်(ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက်(ကြီး) တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့် လည်းကောင်း၊ ကွမ်းရွက် (သေး) တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း ဈေးနှုန်း အနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက် ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့နယ်မှ ထွက်ရှိသည့် ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

# ရုံးပတီသီး စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

**မကွေး ဩဂုတ် ၁၄**

မကွေး တိုင်းဒေသကြီးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် မုန်းချောင်းရေကို အမှီပြု၍ ရုံးပတီသီးနှံနှင့် အခြား ဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ ရုံးပတီသီးနှံသည် ရေလုံလောက်စွာ ရရှိပါက (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို စိုက်ပျိုးပြီး ရက်ပေါင်း ၆၀-၇၀ အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ရုံးပတီသီး တစ်ပိဿာ



လျှင် လက်ကားဈေးနှုန်း ငွေကျပ် ၂၅၀၀ ဖြင့် လည်းကောင်း၊ လက်လီဈေးနှုန်း ငွေကျပ် ၂၈၀၀-၃၀၀၀ ဖြင့် လည်းကောင်း၊ ရုံးပတီသီးအတောင့် ၁၀ တောင့်လျှင် ငွေကျပ် ၂၅၀-၃၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၇၀၀၀၀၀ ခန့် ရရှိကာ ရုံးပတီသီးစိုက် တောင်သူများ အဆင်ပြေလျက် ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့ရှိ လက်လီလက်ကား ကုန်စိမ်းဆိုင်များသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ ■

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

**၁၄- ၈ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၁၉၀၀၀ | ၆၆၅၄ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၆၇၃၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၄၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၈၅၀၀ | ၆၄၂၅ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၁၅၀၀ | ၃၀၀၀ | ၁၃၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၆၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၃၄၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၂၁၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၉၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၉၀၀၀ | ၆၉၃၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၈၀၀၀ | ၆၈၀၀ | ၈၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၇၅၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၃၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၇၈၀၀ | ၆၈၀၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၄၀၀ | ၁၅၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၈၆၀၀ | ၆၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၈၂၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၀၀၀ | ၆၆၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၂၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာ တွင်သော အလျား (၄၀) ပေ x အနံ (၆၀) ပေ အကျယ်အဝန်းရှိပြီး အုတ်တံတိုင်းပတ်လည်ကာရံထားသောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်စပ်စာချုပ် အရပ်ရပ်ဖြင့် တရားဝင်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန္ဒာဦး [၁၂/သကတ(နိုင်)၁၂၈၅၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးလှိုင် [၁၂/ဒပန(နိုင်)၀၄၉၉၁၆] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ရောင်းချသူ ဒေါ်စန္ဒာဦး မှလည်း လက်ခံရယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မျိုးဝင်း (LL.B , LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၃၉၇၆)**
**အမှတ် (၄၈)၊ မာန်ပြေ (၁၆) လမ်းအရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉ – ၇၅၁၈၈၇၈၂၀၊ ၀၉ – ၂၅၉၀၁၇၂၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ်၊(၇)ရပ်ကွက်၊ကမ်းနားလမ်း၊တိုက်အမှတ်(၄၄/၅၆)၊အခန်းအမှတ်(၁၁၀၆)၊Yangon River View Tower (MMG Tower)၊ အကျယ်အဝန်း (၁၂၄၆)စတုရန်းပေရှိ ၁၁-လွှာ ကွန်ဒိုတိုက်ခန်းရေမီးစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူအမည်ပေါက်ဒေါ်စန်းသီတာနွယ်(၁၃/တကန(နိုင်)၂၀၆၁၃၄)ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်၊ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဥ် - ၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၁၈၆၀၄၅၊

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မာဃ (၁၄)လမ်း၊ အမှတ်(၃၉၅)၊ ဒုတိယထပ်ဟုခေါ်တွင်သော (အလျား ၁၉ ပေ x အနံ ၅၄ ပေ၊ အမြင့် ၉ပေ) အကျယ်အဝန်းရှိ တိုက်ခန်းအားပိုင်ရှင်ဖြစ်သူ ကန်ထရိုက်တာ ဒေါ်ခင်ဆွေ [၁၂/ဥကတ (နိုင်)၁၂၄၂၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းနွယ် [၁/ပမန(နိုင်)၀၀၀၅၅၆] မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်သင်းသင်းနွယ်** | **ဦးဝေလင်းဌေး ( LL.B, DIL )** |
| **ဖုန်း–၀၉–၅၀၁၃၉၁၄** | **တရားလွှတ်တော်ရှေ့နေ (စဥ်–၈၄၁၈/၂၀၁၂)** |

**အမှတ်–၅၆၁၊ ပထမထပ်၊ အခန်း (၁၀၁/၂)၊**
**MAC Towerr ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၉၉၀၉၈၊ ၀၉–၇၆၅၀၉၉၀၉၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်– ၅၊ နည်းဥပဒေ – ၁ နှင့် ၅ )**

**မင်္ဂလာဒုံခရိုင်တရားရုံး**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၇၇**

၁။ ဒေါ်မြသီတာဆွေ နှင့် ဦးဗိုလ်ဝင်း(ခ)ဦးဝင်းဗိုလ်
၂။ ဦးဇော်မောင်မောင်ထွေး(ခ)
ဦးညီညီထွန်း
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်
ဦးအောင်ဇော်ဦး)
**( တရားလိုများ )** **( တရားပြိုင် )**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ပန်းခြံလမ်းသွယ်(မန္တလေးလမ်း)၊ အမှတ်(၁၈၇)နေ တရားပြိုင် ဦးဗိုလ်ဝင်း(ခ) ဦးဝင်းဗိုလ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"မြေကွက်ပေါ်ရှိ ကျူးကျော်ဆောက်လုပ်ထားသည့် တဲအိမ်အား ဖျက်သိမ်းဖယ်ရှားပြီးထွက်ခွာ၍ မြေကွက်လက်ရောက်ပေးအပ်စေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဥ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၃ ) ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**( ချစ်ကိုကို )**
**ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၉)ရပ်ကွက်၊ ဒူးယား(၇)လမ်း၊ အမှတ်(၁၀၂၉/ခ)၊အလျား (၂၂ပေx ၆၀ပေ)ရှိ ဦးမျိုးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်ခြံမြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူခဲ့ရာ နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်တင်တင်ဦး [၁၂/တမန(နိုင်)၀၅၃၄၂၃]ကိုင်ဆောင်သူမှ ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ဆွေ [၅/ဆလက (နိုင်)၀၈၀၉၈၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

အထက်ပါကိစ္စနှင့် စပ်လျဥ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံ တရားဝင်စာချုပ်စာတမ်း(မူရင်း) များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့ မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်အိဇေယျာဖြိုး(LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၄၆၆၃၅၊ ၁၁–၉–၁၅)**
**အမှတ်(၄၁၅)၊ စိန်ပန်းလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09– 969986803,09–698149988**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၄၇၃)၊ ဒုတိယထပ်၊ ၃–လွှာ (ခြေရင်းခန်း+ခေါင်းရင်းခန်း) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂၁/၂x၅၄)ပေရှိ တိုက်ခန်း(၂)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေရှင်နှင့် ကန်ထရိုက်တို့ ချုပ်ဆိုထားကြသည့် အပေးအယူစာချုပ်အရ ရောင်းချပိုင်ခွင့်ရှိသူ ရွှေအောင်ပြည့်ဟိန်း ဆောက်လုပ်ရေး ကန်ထရိုက်တာ ဦးလှဝင်း [၁၂/ဗဟန(နိုင်)၀၈၉၈၁၇]က တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A. Psy)**
**အထက်တန်းရှေ့နေ (စဥ် – ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၅၁၄၃၅၈၃၊ ၀၉– ၇၉၅၉၁၉၈၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ချယ်ရီမြိုင်လမ်း၊ မြေကွက်အမှတ်(၇၇၃)၊ ပေ(၄၀ x ၆၀) ထဲမှ (၁၀x ၆၀)ပေအကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဂရန်အမည်ပေါက် ဦးသိန်းရွှေ [၁၂/ဥကမ(နိုင်)၀၆၆၄၁၄]မှ ရောင်းချပိုင်ခွင့်ရှိပြီး ဒေါ်အေးမာ၊ ဒေါ်ဇာနည်မျိုးမှ ဒေါ်အေးအေးလှိုင်မှ ဒေါ်ခင်မြဝင်းမှ ဒေါ်တင်စီမိုး[၁၂/လမန(နိုင်)၀၉၁၂၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မေလွင် [၁၂/ကမရ(နိုင်)၀၅၁၄၆၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးဇာဇာဝင်း(LLB,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၂၁၈၇)**
**ဖုန်း–၀၉–၄၄၈၀၁၀၂၇၅၊ ၀၉–၇၆၁၇၂၈၅၃၂**

## အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ် (၆၈၁/၀)၊ မြေကွက်အမှတ် (၄)၊ ဒေါ်မြရှင် မြေစာရင်းပုံစံ (၁၀၅) အမည်ပေါက် စုစုပေါင်း (၂) ဧကခွဲထွက်ထားသော အကွက်အမှတ် (D–3)၊ (၄၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ မြေပေါ် မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁၅–၅–၂၀၁၆) ရက်စွဲပါ "နှစ်ဦးသဘောတူမြေအရောင်းအဝယ်ကတိစာချုပ်" အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာကျော်ထွေး [၁၂/ဗတထ (နိုင်)၀၀၀၆၆၃] က တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ် ရယူထားရှိပြီးဖြစ်ပါသည်။ အဆိုပါ ဝယ်ယူထားသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်များနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သူဇာကျော်ထွေး၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မြေကွက်အတွင်း ဝင်ရောက်ခြင်း၊ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်းခြင်း အပါအဝင် မည်သည့်ကိစ္စရပ်တစ်စုံတစ်ရာကိုမျှ ဆောင်ရွက်ခွင့်ရှိမည်မဟုတ်ပါကြောင်းနှင့် ပြုမူဆောင်ရွက်မှုများရှိခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်သူဇာကျော်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ဝင်း B.A, H.GP, C.B.L, D.B.L, D.M.L**
**အထက်တန်းရှေ့နေ ( စဥ်–၆၀၈၂/၈၂)**
**တိုက်အမှတ်–၃(အေ)၊ ၃–လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉– ၇၈၇၉၂၇၁၉၉**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်၏ ဒုတိယထပ် (၃–လွှာ)(တိုက်ရှေ့ မျက်နှာမူလျှင်–ဝဲဘက်)၊ အကျယ်အဝန်း (၁၄ပေx ၅၈ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို ကန်ထရိုက်တာအနေဖြင့် အကျိုးခံစားခွင့်ရရှိသူ ဦးကိုကိုလေး [၁၄/ပသန (နိုင်) ၀၀၁၈၇၉]ထံမှ (၁၀–၃–၂၀၁၇) ရက်စွဲပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးသန်းထွန်းဝင်း [၉/ခအဇ(နိုင်)၀၀၂၀၆၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B) (စဥ် – ၂၂၇၄၇)** **ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဥ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၅၁၁၈၀၀၇၊ ၀၉– ၅၁၁၅၉၉၀၊ ၀၉– ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၃)စက်မှုဇုန်၊ မြေကွက်အမှတ်(၁၄၃၆)၊ မြေကွက်တည်နေရာအမှတ်– ၁၄၃၆၊ ၆၃/စက်မှုဇုန်ရပ်ကွက်၊ ဒဂုံတောင်၊ ဦးစိုးလှိုင်(X/RGN–၀၀၄၂၀၈) အမည်ပေါက် နှစ်(၆၀) စက်မှုမြေငှားဂရန် မြေအား ဂရန်အမည်ပေါက် ဦးစိုးလှိုင် (ခင်ပွန်း) ဖြစ်သူသည် (၁၀–၄–၂၀၁၆)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ကျင်စော [၁၂/တမန(နိုင်)၀၂၃၈၄၁] မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အထက်ပါ မြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်– ၃/၇၃၄/၂၀၂၄(၁၄–၃–၂၀၂၄)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက် ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကိုယ်တိုင်မနေ၊ တူဖြစ်သူမှ သံထည်လုပ်ငန်းလုပ်ကိုင်ပြီး ဒေါ်ကျင်စောမှကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့–ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ တိုက်အမှတ်– ၅၈၊ မြေညီထပ်၊ (ခြေရင်း/ခေါင်းရင်းဘက်ခြမ်း)၊ (၁၃ပေခွဲ x ၆၀ပေ)ရှိ ကန်ထရိုက်တာ ဒေါ်ခင်ထွေးဇံ ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့် ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင် ပိုင်ဆိုင်ထားသည့် **ဒေါ်ခင်ထွေးဇံ [၁၁/စတန(နိုင်)၀၄၉၈၃၁]**ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၁၄)ရက်**အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား**(မူရင်း)**များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါ တိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခိုင်ဌေး( LLB,D.B.L,D.I.L )** | **ဒေါ်ခိုင်ဦးသူ ( LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၈၈၅၉)** | **အထက်တန်းရှေ့နေ(စဥ်–၃၇၉၅၄)** |

**အမှတ်–၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မြတ်လေးရုံလမ်း၊ အမှတ် (၄၆၀/၄၆၂)၊ တိုက်အမှတ်(၁၀၃)၊ ပထမထပ်၊ အကျယ်အဝန်း (အလျား၁၅ပေxအနံ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ရေစက်မော်တာတို့နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မြင့်ဦး [၁၁/စတန(နိုင်)၀၂၀၉၂၀]မှ အဆက်စပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို (၁၃–၈–၂၀၂၄)ရက်နေ့တွင် စာချုပ် ချုပ်၍ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့် တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်–၅၀၄၀၁)**
**အမှတ်(၂၈/၃၀)၊ ဒုတိယထပ်၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း –၀၉– ၂၅၀၁၅၀၇၄၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဘုရားလမ်း ၊ Star City အိမ်ရာ၊ City Loft Condo၊ တိုက်အမှတ် (CL–7)၊ ၇–လွှာ၊ အခန်းနံပါတ်(၇၁၀)၊ Type–A ဟုခေါ်တွင်သော ဧရိယာ(၉၅၈) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ကြူ [၉/မနတ (နိုင်)၀၆၉၇၉၆ ]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းနိုင် [၁၂/ကမရ (နိုင်)၀၀၃၆၆၀ ]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး(LL.B)** | **ဒေါ်နှင်းယုဝေအေး(LL.B, LL.M, D.I.L)** | **ဒေါ်ခိုင်ခိုင်ဇော်(LL.B,D.I.P.L)** |
| **(စဥ်– ၁၈၅၀၃)** | **(စဥ်– ၁၈၂၃၇)** | **(စဥ်–၅၀၈၉၀)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၅)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၀၀၀၀၆၁၉၉၊ ၀၉–၇၉၉၀၈၂၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၁၇၉/ခ)၊ (၂)လွှာ၊ ပထမထပ်၊ တစ်ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦ၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည့် ဒေါ်ကြူကြူသန်း[၁၂/ဥကတ(နိုင်)၁၁၉၇၇၀]က တရားဝင် ပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ လက်ဝယ်ရှိကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသဖြင့် စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား (မူရင်း)တို့နှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကြည်သာဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၇၄၈၄/၂၀၂၁)**
**အမှတ်–၁၉၊ ရှော်ဖီအိမ်ရာ၊ ဗဟိုလမ်းမ၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း –09–887587889, 09– 455908060**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၂၃၁) ဟုခေါ်တွင်သော အမှတ်(၂၆)၊ ရွှေစင်(၁)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်(၂)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့ မြေစာရင်းတွင် ဦးမြမောင်(CE–၀၅၈၈၃၉)အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဖခင်ဖြစ်သူ ဦးချစ်မောင်[၁၂/သကတ(နိုင်)၀၉၃၆၄၉]မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဖခင်ဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ သားသမီးများဖြစ်သော ၁။ဒေါ်ခင်မေချစ်၊ ၂။ဒေါ်ခင်မျိုးသန့်၊ ၃။ဒေါ်နီနီအေးတို့မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** | **ဒေါ်ချန်ပေါင်လူး(LL.B)** |
| **(စဥ်–၁၁၄၀၆)** | **(စဥ်–၅၅၅၆၃)** | **(စဥ်–၅၆၄၉၈)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉ – ၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

**MAUNG MAUNG MYINT CO., LTD မှ Brand Name OXYTOCIN INJECTION အား**

**" မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ရရှိထားကြောင်း အများသိစေရန်အသိပေးကြေညာခြင်း "**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းထောင့်၊ ဂုဏ်ရည်အိမ်ရာ၊ Tower-C ၊အခန်းအမှတ်(P-02)တွင် တည်ရှိသော **MAUNG MAUNG MYINT CO., LTD** ကုမ္ပဏီမှတ်ပုံတင်အမှတ် - **၁၀၂၇၅၂၆၃၅** ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည် -

A/96, S.I.T.E, Super Highway, Karachi, Pakistan ရှိ **AMROS PHARMACEUTICALS CO., LTD** မှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော **OXYTOCIN Injection (OXYTOCIN USP 10 IU/ ML)**ထိုးဆေး **Injection**အား **MAUNG MAUNG MYINT CO., LTD** ထံသို့ တရားဝင် တစ်ဦးတည်း မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် **(၁၀-၇-၂၀၁၈)**ရက်နေ့မှစ၍ **(Letter of Authorization)**အဖြစ် ပေးအပ်ထားပြီးဖြစ်သဖြင့် အဆိုပါ ထိုးဆေးအား တင်သွင်းခြင်း၊ဖြန့်ဖြူးရောင်းချခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ အဆိုပါ ဆေးပစ္စည်းကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းခြင်းစသည့် အခွင့်အရေးများအားလုံးကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်လွှာ ရရှိထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်သားဖြစ်သော **OXYTOCIN Injection (OXYTOCIN USP 10 IU/ML)**၏ ဆေးဝါးမှတ်ပုံတင်လက်မှတ်**(DRC)**အမှတ်-**2807EA02536 (4-7-2023)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**(FDA)**မှ တရားဝင်ခွင့်ပြုချက်ရရှိခဲ့ပြီး၊တင်သွင်းဖြန့်ဖြူး ရောင်းချခွင့်လိုင်စင်**(DIAC)**အမှတ်-**2701EI0168 (31-1-2024)** အားလည်း ရရှိထားပြီးဖြစ်ပါသည်။




ထို့အပြင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် " **OXYTOCIN** " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို စာချုပ်အမှတ်**(၄/၆၄၅၆)**ဖြင့် မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ " **OXYTOCIN** "အမှတ်တံဆိပ် ဆေးပစ္စည်းများကို တရားဝင် တစ်ဦးတည်း မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ရရှိထားသော **MAUNG MAUNG MYINT CO., LTD** မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ဈေးကွက်အတွင်းတွင် မည်သည့်ပုံစံဖြင့်မဆို မှိုင်ငြမ်းတုပသုံးစွဲခြင်း၊ တရားမဝင် တင်သွင်းရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ လက်လီ/လက်ကားရောင်းချခြင်း၊Online, Facebook, Viber, Telegram, WeChat Group အစရှိသော လူမှုကွန်ရက်များမှ ရောင်းချခြင်း၊ခွင့်ပြုချက်မရှိဘဲ တစ်ဆင့်ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး လုပ်ဆောင်ခြင်း မပြုကြရန် အသိပေး တားမြစ်ပါသည်။ အထက်ပါကိစ္စများကို ဆောင်ရွက်ပါက မြန်မာနိုင်ငံ၏ တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**MAUNG MAUNG MYINT CO., LTD** ၏ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးသက်လွင်ဦး (စဉ်-၁၈၃၃၉)**
**LL.B, LL.M, D.B.L, D.M.L, D.I.L,**
**D.A Psy, WIPO (Switzerland)**

**ဒေါ်နှင်းအိခိုင် (စဉ်-၁၈၂၄၀)**
**LL.B, LL.M, D.A, D.M.A.C,**
**WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေများ**

အမှတ်(၄၄/၅၆)၊ကမ်းနားလမ်းနှင့်(၄၁)လမ်းထောင့်၊အခန်းအမှတ်(၈၀၂)၊M.M.G Tower၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၇၄၂၂၉၊ ၀၉-၄၃၀၉၀၇၈၂



**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/က (ဇီးကုန်း)၊ မြေကွက်အမှတ် (၃၇)၊ ဧရိယာ(၀.၀၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၇)၊ အမှတ်(၄)လမ်းမ၊ ဇီးကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးတင်လှိုင်[၁၂/ရပသ(နိုင်)၀၁၈၂၉၃ ] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား မင်္ဂလာဒုံခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် -၁၀၁/၂၀၂၃ (၁၅-၁-၂၀၂၄) ဖြင့် ဦးတင်လှိုင်အား တရားပြိုင်ပြု၍ တရားလို ဦးကျော်ကျော်နိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီး ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ ဦးကျော်ကျော်နိုင်မှ ရရှိခဲ့သည့် (၁၅-၁-၂၀၂၄) ရက်စွဲပါ တရားရုံးစီရင်ချက် အနိုင်ဒီကရီနှင့် တရားရှုံးများကိုယ်စား လိုက်ပါဆောင်ရွက်ရန်အတွက် ဘီလစ် ဒေါ်ခိုင်ဇာသွယ်[၁၂/မဂဒ(နိုင်)၁၅၈၄၆၄]အား ခန့်အပ်သည့် (၁၆-၅-၂၀၂၄) ရက်စွဲပါ တရားမဇာရီမှုအမှတ် (၁၆/၂၄) (၁၆-၅-၂၄)၏ ထုံးပုံကျ အပြီးသတ်အမိန့်၊ မင်္ဂလာဒုံခရိုင်တရားရုံး၏ (၁၆-၅-၂၄) ရက်စွဲပါ ဘီလစ်ခန့်အပ်စာ၊ နှစ်(၆၀) ဂရန်မူရင်း၊ တရားရုံးသို့ တင်ပြခဲ့သည့် အရပ်ကတိအရောင်းစာချုပ်တို့ တင်ပြ၍ ဘီလစ် ဒေါ်ခိုင်ဇာသွယ်မှ တရားရုံးဒီကရီ အထောက်အထားများ၊ တရားရုံးမှ တာဝန်ပေးအပ်ခြင်းစာ၊ နေ့စဉ်မှတ်တမ်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၂/ C ခ၊ မြေကွက်အမှတ်- ၃/၁၅၄၊ ဧရိယာ(၀.၃၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၃/၁၅၄)၊ ကာယ(၁၂)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် ဦးစိုးမောင် [၁၂/မဂဒ(နိုင်) ၀၅၉၃၃၉] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်)ဖြစ်သူ ဦးစိုးမောင်သည် (၁၆-၇-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ (မိခင်)ဖြစ်သူ ဒေါ်ခင်မေဖြူ [၁၂/တမန(နိုင်)၀၂၄၉၀၅]သည် (၂၅-၂-၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပါသဖြင့် ဒေါ်ထွေးထွေးနိုင် [၁၂/မဂဒ(နိုင်) ၀၂၃၈၇၆] မှ တစ်ဦးတည်းသောသမီးဖြစ်ကြောင်း၊ အခြားကိတ္တိမမွေးစားသား၊ သမီး ဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ဖော်ပြပါမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားသူထံ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ တရားစွဲဆိုခံရခြင်း၊ အာမခံတာဝန်တို့ တင်ရှိနေခြင်းမရှိကြောင်း လသာမြို့နယ် တရားရုံး၏ ၁-၃-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်-၃/၆၅/၂၀၂၄၊ အသိသက်သေ (၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**


**သွေးသည် အသက်**

## မြန်မာနိုင်ငံစာရင်းကောင်စီ
## ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် ၄၄
## သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ်-၄၄ ကို မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ ရန်ကုန်) နှင့် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့၌ ၄-၁၁-၂၀၂၄ ရက်နေ့မှစ၍ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း(တစ်နှစ်)နှင့် ဒုတိယပိုင်း(တစ်နှစ်) ဖြစ်ပါသည်။

၂။ သင်တန်းသို့ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ကောင်စီကကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(နေပြည်တော်/ရန်ကုန်)တွင် တက်ရောက်ရမည့် သင်တန်းချိန်မှာ ပထမပိုင်းသင်တန်းအတွက် ရုံးဖွင့်ရက်များနှင့် စနေနေ့တွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိ၊ ဒုတိယပိုင်းသင်တန်းအတွက် ရုံးဖွင့်ရက်များတွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိ၊ စနေနေ့များတွင် နံနက် ၇:၀၀ နာရီမှ ၁၀:၅၀ နာရီအထိဖြစ်ပါသည်။

၄။ အဆိုပါသင်တန်းကို တက်ရောက်မည့် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်) သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် စုစုပေါင်းသင်တန်းတက်ရောက်ချိန် ၆၀% ပြည့်မီအောင် တက်ရောက်သင်ကြားရမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်ပြီး ၆၀% မပြည့်မီသည့် သင်တန်းသားများသည် နောင်ပညာသင်နှစ်တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်) သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် စုစုပေါင်းသင်တန်းတက်ရောက်ချိန် ၆၀% ပြည့်မီအောင် ပြန်လည်တက်ရောက်ရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားအဖြစ် မပျက်မကွက် ပြန်လည်မှတ်ပုံတင်ရမည်။ တစ်ကြိမ်တည်းဖြင့် စာမေးပွဲအောင်မြင်ခြင်းမရှိလျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်ပြီး ၆၀% ပြည့်မီသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဖြေဆိုခဲ့ခြင်း မရှိလျှင်ဖြစ်စေ နောင်ပညာသင်နှစ်တွင် သင်တန်းသားအဖြစ် မပျက်မကွက် ပြန်လည်မှတ်ပုံတင်ရမည်။

၅။ စာမေးပွဲကို Module အလိုက် ဖြေဆိုခွင့်ပြုခြင်းအား ၂၉-၉-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၁၅/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပါသည်။

